# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၂၂) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) မြန်မာနိုင်ငံတွင် နိုင်ငံသားစစ်စစ် မိဘနှစ်ပါးမှ မွေးဖွားခဲ့သည့် နိုင်ငံသားများ၊ တိုင်းရင်းသားများသည် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိခြင်း၊ အိမ်ထောင်စုစာရင်းစာရွက်များ မရရှိခြင်းများကြောင့် နိုင်ငံသား အခွင့်အရေး၊ လူ့အခွင့်အရေးများ ဆုံးရှုံးနေခြင်းအတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၇ | (ခ) နှစ်တစ်ရာ သက်တမ်းရှိ ရှေးဟောင်း ဘုရားဆင်းတုတော်များ၏ စာရင်းကို ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းပြီး စာရင်းကောက်ယူထားခြင်းရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၁ |
| ၈ | (ဂ) သံဖြူဇရပ်မြို့နယ်ရှိ ဝါခရူ မြို့ဟောင်းကို မူလအကျယ် (၆၅)ဧကအတိုင်း ယဉ်ကျေးမှုဝန်ကြီးဌာန သို့မဟုတ် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာန၏ ထိန်းသိမ်း စောင့်ရှောက်ခံအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၅ |
| ၉ | (ဃ) မိုင်းကိုင်မြို့နယ်၊ မြို့မကျေးရွာ အုပ်စု၊ စိုင်းလုံခမ်း၏ လယ်မြေ(၁.၃၈)ဧကနှင့် ပန်ကတ်အနောက်ကွင်းမှ ဦးစိုင်းဆိုင်(ခ) အိုက်စိုင်း၏ လယ်မြေ (၈.၅၆)ဧကတို့အား အမှတ် (၅၁၄) ခြေမြန်တပ်ရင်းမှ သိမ်းဆည်ခဲ့မှုအပေါ် နစ်နာကြေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း | ၂၁ |
| ၁၀ | (င) သံတွဲမြို့နယ်၊ ဇီးဖြူကုန်း ကျေးရွာသားများထံမှ ၂၀၀၀ ပြည့်နှစ်က သိမ်းယူခဲ့သည့် အိမ်ရာမြေနှင့် ဥယျာဉ်မြေ (၃၅.၅၃) ဧကအတွက် ခေတ်ကာလနှင့် လျော်ညီသော နစ်နာကြေးပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၃ |
| ၁၁ | (စ) မြစ်ကြီးနား- နမ္မတီး-တနိုင်း- နန်းယွန်း-ပန်ဆောင်လမ်း (ဒေသအခေါ် လီဒိုလမ်း) ပေါ်ရှိ ဖားကန့် မြို့နယ်၊ ဒွန်ဘန်ကျေးရွာ အခြေစိုက် တပ်မတော်တပ်ရင်းက ဆန်၊ စက်သုံးဆီအမျိုးမျိုးတို့ကို ပိတ်ပင်တားဆီးနေမှုများအား အမြန်ဆုံး ဖယ်ရှားပေးနိုင်ပါရန်နှင့် ဆန်၊ | ၂၇ |

| | | |
|---|---|---|
| | စက်သုံးဆီအမျိုးမျိုးတို့ကို လွတ်လပ်စွာ သယ်ယူခွင့်ပြုနိုင်ပါရန် မေတ္တာ ရပ်ခံ တင်ပြစာနှင့် ပတ်သက်၍ မည်ကဲ့သို့ သဘောထားရှိကြောင်း သိလို ခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း | |
| ၁၂ | (ဆ) နေပြည်တော်စည်ပင် သာယာရေးကော်မတီက စီမံကိန်း အကောင်အထည်မဖော်နိုင်သော မြေများအား ပြန်လည်သိမ်းဆည်းကာ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးအတွက် ခိုင်မာတိကျသော မူဝါဒရေးဆွဲ အကောင်အထည်ဖော်ရန်နှင့် ကျေးရွာသစ်များနှင့် ရပ်ကွက်သစ်များ ဖော်ထုတ်၍ နေရာချထား ပေးရန် အစီအစဉ်ရှိ၊ မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၃၅ |
| ၁၃ | (ဇ) သားသတ်လုပ်ငန်းလိုင်စင်များနှင့် သားငါးရောင်းချခွင့် လိုင်စင် များသည် ဒေသတစ်ခုအတွက် လိုင်စင်(၁)ခုသာ ခွင့်ပြုသောကြောင့် လေလံရရှိသူက လက်ဝါးကြီးအုပ်ကာ အသားဈေးကွက်အား ချုပ်ကိုင် လွှမ်းမိုးခွင့် ရရှိနေပါသဖြင့် သားငါးဈေးနှုန်းကျဆင်းရေးအတွက် လေလံကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက် ပေးမည့် အစီအမံများအား သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄၀ |
| ၁၄ | (ဈ) မြို့နယ်တိုင်းတွင် သားသတ်ရုံများကို စနစ်တကျဆောက်လုပ် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄၆ |
| ၁၅ | (ည) ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မြို့နယ်ခန်းမအား မည်သည့် အတွက်ကြောင့် ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခုအား ငှားရမ်းခဲ့ ပါသနည်း၊ မည်သည့်ဈေးနှုန်းဖြင့် ငှမ်းရမ်းခဲ့ပါသနည်း၊ နိုင်ငံတော်၏ နေ့ထူး နေ့မြတ် အခမ်းအနားများ၊ ပညာပေးပြခန်းများနှင့် အများပြည်သူနှင့် သက်ဆိုင်သော တွေ့ဆုံပွဲများ ပြုလုပ်နိုင်ရန် မြို့နယ်ခန်းမအား ပြန်လည် တောင်းယူပေးရန် အစီအစဉ် ရှိ၊ မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၅၀ |
| ၁၆ | ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း | ၅၄ |
| ၁၇ | ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း | ၅၅ |
| ၁၈ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ ကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း | ၅၆ |
| ၁၉ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂) ရက် မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃) ရက်မြောက်နေ့ | ၅၇ |

ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၂၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇-၆-၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် နိုင်ငံသားစစ်စစ် မိဘနှစ်ပါးမှ မွေးဖွားခဲ့သည့် နိုင်ငံသားများ၊ တိုင်းရင်းသားများသည် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိခြင်း၊ အိမ်ထောင်စုစာရင်းစာရွက်များ မရရှိခြင်းများကြောင့် နိုင်ငံသား အခွင့်အရေး၊ လူ့အခွင့် အရေးများဆုံးရှုံး နေခြင်းအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **နှစ်တစ်ရာ သက်တမ်းရှိ ရှေးဟောင်း ဘုရားဆင်းတုတော်များ၏ စာရင်းကို ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းပြီး စာရင်းကောက်ယူထားခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့နယ်ရှိ ဝါခရူ မြို့ဟောင်းကို မူလအကျယ် (၆၅)ကေအတိုင်း ယဉ်ကျေးမှုဝန်ကြီးဌာန သို့မဟုတ် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာန၏ ထိန်းသိမ်း စောင့်ရှောက်ခံအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၏ **မိုင်းကိုင်မြို့နယ်၊ မြို့မကျေးရွာ အုပ်စု၊ စိုင်းလုံခမ်း၏ လယ်မြေ(၁.၃၈)ကေနှင့် ပန်ကတ်အနောက်ကွင်းမှ ဦးစိုင်းဆိုင်(ခ)အိုက်စိုင်း၏ လယ်မြေ (၈.၅၆)ကေတို့အား အမှတ် (၅၁၄) ခြေမြန်တပ်ရင်းမှ သိမ်းဆည်ခဲ့မှုအပေါ် နစ်နာကြေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **သံတွဲမြို့နယ်၊ ဇီးဖြူကုန်း ကျေးရွာသားများထံမှ ၂၀၀၀ ပြည့်နှစ်က သိမ်းယူခဲ့သည့် အိမ်ရာမြေနှင့် ဥယျာဉ်မြေ (၃၅.၅၃) ကေအတွက် ခေတ်ကာလနှင့် လျော်ညီသော နစ်နာကြေးပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးလင်းလင်းဦး၊ တနိုင်း မဲဆန္ဒနယ်၏ **မြစ်ကြီးနား– နမ္မတီး–တနိုင်း– နန်းယွန်း–ပန်ဆောင်လမ်း(ဒေသအခေါ် လီဒိုလမ်း) ပေါ်ရှိ ဖားကန့် မြို့နယ်၊ ဒွန်ဘန်ကျေးရွာ အခြေစိုက် တပ်မတော်တပ်ရင်းက ဆန်၊ စက်သုံးဆီအမျိုးမျိုးတို့ကို ပိတ်ပင်တားဆီးနေမှုများအား အမြန်ဆုံး ဖယ်ရှားပေးနိုင်ပါရန်နှင့် ဆန်၊ စက်သုံးဆီအမျိုးမျိုးတို့ကို လွတ်လပ်စွာ သယ်ယူခွင့်ပြုနိုင်ပါရန် မေတ္တာရပ်ခံ တင်ပြစာနှင့် ပတ်သက်၍ မည်ကဲ့သို့ သဘောထားရှိကြောင်း သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံကိန်းအကောင်အထည်မဖော်နိုင်သော မြေများအား ပြန်လည်သိမ်းဆည်းကာ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးအတွက် ခိုင်မာတိကျသော မူဝါဒရေးဆွဲအကောင်အထည်ဖော်ရန်နှင့် ကျေးရွာသစ်များနှင့် ရပ်ကွက်သစ်များ ဖော်ထုတ်၍ နေရာချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးအောင်လှိုင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **သားသတ်လုပ်ငန်းလိုင်စင်များနှင့် သားငါးရောင်းချခွင့်လိုင်စင်များသည် ဒေသတစ်ခုအတွက် လိုင်စင်(၁)ခုသာ ခွင့်ပြုသောကြောင့် လေလံရရှိသူက လက်ဝါးကြီးအုပ်ကာ အသားဈေးကွက်အား ချုပ်ကိုင်လွှမ်းမိုးခွင့် ရရှိနေပါသဖြင့် သားငါးဈေးနှုန်းကျဆင်းရေးအတွက် လေလံကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ပေးမည့် အစီအမံများအား သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မြို့နယ်တိုင်းတွင် သားသတ်ရုံ (Slaughter House)များကို စနစ်တကျဆောက်လုပ်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မြို့နယ်ခန်းမအား မည်သည့်အတွက်ကြောင့် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုအား ငှားရမ်းခဲ့ပါသနည်း၊ မည်သည့်ဈေးနှုန်းဖြင့် ငှမ်းရမ်းခဲ့ပါသနည်း၊ နိုင်ငံတော်၏ နေ့ထူးနေ့မြတ် အခမ်းအနားများ၊ ပညာပေးပြခန်းများနှင့် အများပြည်သူနှင့် သက်ဆိုင်သော တွေ့ဆုံပွဲများ ပြုလုပ်နိုင်ရန် မြို့နယ်ခန်းမအား ပြန်လည်တောင်းယူပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော **“ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

**(၂၂)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်**

**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိသည့်အနက် ၄၀၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၅၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော်ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြား သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊

(၂) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၃) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊

မူကြမ်း

(၄) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး ခွင့် ၁ ရက်၊

(၆) ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ ခွင့် ၁ ရက်၊

(၇) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊

(၈) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်နှင့်

(၉) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၈ ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအားခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြန်မာနိုင်ငံတွင် နိုင်ငံသားစစ်စစ်မိဘနှစ်ပါးမှ မွေးဖွားခဲ့သည့် နိုင်ငံသားများ၊ တိုင်းရင်းသားများသည် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိခြင်း၊ အိမ်ထောင်စုစာရင်းစာရွက်များ မရရှိခြင်းများကြောင့် နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးများဆုံးရှုံးနေခြင်းအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြမေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားစစ်စစ်မိဘနှစ်ပါးက မွေးဖွားခဲ့တဲ့ နိုင်ငံသားများ၊ တိုင်းရင်းသားများဟာ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားမရရှိခြင်း၊ အိမ်ထောင်စုစာရင်းစာရွက်များမရရှိခြင်းဟာ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးများဆုံးရှုံးနေခြင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိဝန်ကြီးဌာနအနေဖြင့် မည်သို့ဖြေရှင်း ပေးမည့်အစီအစဉ်ရှိ/မရှိနှင့် မရှိပါက ဘယ်အတွက်ကြောင့်ဖြစ်ပါသနည်းနှင့် ရှိပါက မည်သည့် အချိန်တွင် မည်သို့မည်ပုံစီစဉ်ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်အားလပ်ရက်များမှာ မိမိနယ်မြေလူထုတွေ့ဆုံပွဲများပြုလုပ်တဲ့အခါမှာ ကျွန်တော့်မဲဆန္ဒနယ်နယ်မြေမှာဆိုရင် ရပ်ကွက် ၂၁ ရပ်ကွက်ရှိရာမှာ အများခေါ် ကျူးကျော်လို့ပဲပြောပြော၊ လ.ဝ.က အခေါ် ယာယီရွှေ့ပြောင်းနေထိုင်တဲ့ သူတွေဟာ ရပ်ကွက် ၂၁ ရပ်ကွက်မှာ ကျူးကျော်ရပ်ကွက် ၂၀ ရှိနေပါတယ်။ ကျူးကျော်ရပ်ကွက်မရှိ တဲ့ရပ်ကွက်ကတော့ တစ်ခုပဲရှိပါတယ်။ အဲဒီရပ်ကွက်ကတော့ အင်းစိန်ထောင် (CIT) နှင့် အင်းစိန်မြို့မ

ရဲစခန်းသာရှိတဲ့ရပ်ကွက်ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးနီးပါး မြို့ကြီးများမှာလည်း အခုလို ဖြစ်နေတယ်လို့ ထင်ပါတယ်။ အဆိုပါရပ်ကွက် ၂၀ မှာရှိတဲ့ပြည်သူများရဲ့ တင်ပြချက်၊ အကူအညီတောင်းခံမှုများကို လေ့လာကြည့်တဲ့အခါမှာ သူတို့ဟာ မြန်မာနိုင်ငံသားစစ်စစ်ဖြစ်ခဲ့သော်လည်း ဗဟုသုတနည်းပါးခြင်း၊ ပညာသင်ယူခွင့်နည်းပါးခြင်း၊ ဆင်းရဲချို့တဲ့ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ငြိမ်းချမ်းရေးမရှိတဲ့ဒေသများမှာ ကြီးပြင်းခဲ့ကြခြင်း၊ သဘာဝဘေးအန္တရာယ်အကြီးအကျယ်ကျရောက်ခဲ့တဲ့ဒေသများမှ မွေးဖွားကြီးပြင်းခဲ့ခြင်း စသည်တို့ကြောင့် သူတို့ရဲ့အဖိုးအဖွားများ၊ မိဘများကိုယ်တိုင် အိမ်ထောင်စုစာရင်းမရှိခြင်း၊ မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားကတ်ပြား သို့မဟုတ် ကိုင်ဆောင်သင့်သည့်ကတ်ပြား တစ်မျိုးမျိုးမရှိခြင်းတို့အတွက်ကြောင့် နိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့်များဆုံးရှုံးခဲ့တာဟာ အခုဆိုရင် သူတို့ရဲ့ တတိယမျိုးဆက်များအထိ ဒီဒုက္ခကို ခံစားနေရခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ယခု တတိယမျိုးဆက်သစ်လူငယ်များဟာ သူတို့ရဲ့ဘဝရှေ့ရေးကို ရိုးရိုးသားသား ဂုဏ်သိက္ခာရှိရှိ ဆက်လက်ပညာသင်ယူနိုင်ဖို့ အလုပ်အကိုင်ရှာဖွေကြိုးစားကြရာမှာ အိမ်ထောင်စုစာရင်းမရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများမရှိခြင်းဟာ သူတို့လျှောက်လှမ်းရမယ့်ခရီးမှာ အဟန့်အတားအပိတ်အဆို့ကြီးတစ်ခုဖြစ်တဲ့အတွက် သူတို့ရဲ့အိမ်မက်၊ သူတို့ရဲ့မျှော်လင့်ချက်၊ သူတို့ရဲ့အနာဂတ်များပျောက်ဆုံးပြီး အမှောင်လောကထဲကို တွန်းပို့သလိုဖြစ်နေပြီး ဒုစရိုက်လောကထဲမှာ ကျင်လည်ကြီးပြင်းခဲ့ရတဲ့လူငယ်များတွေ့ကြုံခဲ့ဖူးတာကြောင့် ယခုလို တရားဥပဒေစိုးမိုးရေးကို အပြင်းအထန်ကြိုးစားနေရတဲ့ ကျွန်တော်တို့အစိုးရ လက်ထက်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့အကျိုး၊ လူငယ်မျိုးဆက်များရဲ့ရှေ့ရေးကို စဉ်းစားတွေးပူမိတဲ့အတွက် ဒီမေးခွန်းကြီးကို မေးမြန်းလိုက်ရခြင်းဖြစ်ပါတယ်။ ကျွန်တော့်လိုပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာလည်း ဒီလိုမေးခွန်းမျိုးကို အမေးခံနေရတယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြလိုတဲ့မေးခွန်းကတော့ နိုင်ငံသားစစ်စစ်မိဘနှစ်ပါးက မွေးဖွားခဲ့တဲ့ နိုင်ငံသားများဟာ၊ တိုင်းရင်းသားများဟာ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိခြင်း၊ အိမ်ထောင်စုစာရင်းစာရွက်များမရှိခြင်းဟာ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးများဆုံးရှုံးနေခြင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိဝန်ကြီးဌာနအနေဖြင့် မည်သို့မည်ပုံစီစဉ်ဆောင်ရွက်မည့်အစီအစဉ်ရှိ/မရှိနှင့် မရှိပါက ဘယ်အတွက်ကြောင့်ဖြစ်ပါသနည်း။ ရှိပါက မည်သည့်အချိန်တွင် မည်သို့မည်ပုံဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းလိုခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနက ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော် အတွင်းမှာရှိတဲ့ လက်ရှိနေထိုင်ရာဒေသမှာ အိမ်ထောင်စုစာရင်းမရှိသူများကို စိစစ်တဲ့နေရာမှာ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းနေထိုင်ကြသူအနက်မှ အချို့ကတော့ နေရပ်လိပ်စာပြောင်းရွှေ့ ပုံစံ ပုံစံ-၁၀ တရားဝင် ရယူရွှေ့ပြောင်းနေထိုင်ကြသော်လည်း တချို့မှာ အကြောင်းအမျိုးမျိုးကြောင့် မူလနေထိုင်ရာဒေသမှ ပုံစံ-၁၀ ထုတ်ယူခဲ့ခြင်းမရှိသူများနှင့် မူလဒေသမှ ပြောင်းရွှေ့ပုံစံ-၁၀ ထုတ်ယူခဲ့ သော်လည်း အထောက်အထားမပြည့်စုံတဲ့အတွက် အိမ်ထောင်စုစာရင်းမပြုလုပ်ရသေးသူများနှင့် အစဉ်အဆက်ပြန်ကျနေထိုင်ပြီးတော့မှ လူဦးရေစာရင်းမရှိသူတွေ အမျိုးမျိုးစိစစ်တွေ့ရှိရပါတယ်။ အိမ်ထောင်စုဝင်စာရင်း၊ လူဦးရေစာရင်း၊ ပုံစံ-၁၀ မရှိတဲ့အခါမှာလည်းပဲ သူတို့တွေအနေနဲ့ ရောက်ရှိ ရာဒေသမှာ ကျွန်တော်တို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်တဲ့နေရာမှာ အခက်အခဲတွေ တွေ့ကြုံနေတယ်ဆိုတာ ကျွန်တော်တို့ သိရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်းပဲ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်အညီ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် တချို့ကိစ္စတွေမှာ ပြည်သူတွေရဲ့အခက်အခဲတွေကို သိရှိသော်လည်းပဲ ဒီဥပဒေအရ ဆောင်ရွက်ဖို့ အခက်အခဲလေး ရှိနေ တာလည်းပဲ ဒါ တွေ့ရှိရပါတယ်။ သို့ရာတွင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပြည်သူများ အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများ မှာ ကျွန်တော်တို့ မြန်ဆန်ဖို့ ယခင်က လူဦးရေစာရင်းတစ်စောင်ဖြည့်စွက်ရေးအတွက် အထောက် အထားတွေ ၁၀ ချက် ယူခဲ့ပါတယ်။ အဲဒီစာက ငါးချက်ပဲ ကောက်ယူပြီးတော့မှ ကတ်ပြားပြုလုပ်ရာ

မှာလည်းပဲ ယခင်က ခရိုင်မှူးလက်မှတ်ထိုးမှရရှိသော်လည်းပဲ ယခုအခါ မြို့နယ်ဦးစီးမှူးလက်မှတ်ထိုးပြီး ထုတ်ပေးခွင့်တွေ ကျွန်တော်တို့ ခွင့်ပြုထားပြီးဖြစ်ပါတယ်။

တိုင်းရင်းသားများအနေနဲ့ အထောက်အထားပြည့်စုံတယ်ဆိုရင် ၂၈ ရက်အတွင်းမှာ ရရှိအောင်လုပ်ပေးရမယ်လို့ ညွှန်ကြားထားပါတယ်။ ရရှိအောင်လည်းပဲ ကြိုးစားဆောင်ရွက်နေပါတယ်။ အထောက်အထားပြည့်စုံတယ်ဆိုရင်လည်းပဲ တစ်ရက်၊ နှစ်ရက်အတွင်း ဖြစ်နိုင်ရင် One Stop Service နေ့ချင်းပြီးဆောင်ရွက်ပေးနိုင်ခြင်းကိုလည်းပဲ ကျွန်တော်တို့ ကြိုးစားပြီးတော့မှ ဆောင်ရွက်နေပါတယ်။ ဒီထဲမှာလည်း အထောက်အထားမပြည့်စုံသော်လည်းပဲ၊ တိုင်းရင်းသားမှန်ကန်တယ်ဆိုရင်လည်းပဲ မြို့နယ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး၊ ကြီးကြပ်ရေးအဖွဲ့ ငါးဦး ကော်မတီထောက်ခံချက်နဲ့ ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကိုလည်းပဲ ကျွန်တော်တို့စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် တချို့ မူလနေထိုင်ရာနေရာဒေသမှ ပြောင်းရွှေ့ပုံစံ-၁၀ ထုတ်ယူခဲ့ခြင်းမရှိဘဲနဲ့ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သူ တိုင်းရင်းသားများကိုကျွန်တော်တို့ အခက်အခဲများပြေလည်ဖို့အတွက်ကို နေရပ်လိပ်စာပြောင်းရွှေ့ ပုံစံ-၁၀ မပါရှိစေကာမူထပ်မံဖြေလျှော့ပြီးတော့မှ ကာယကံရှင်တွေကို သူတို့မူလဒေသသို့ ပြန်လည်စေလွှတ်ခြင်းမပြုဘဲနဲ့ ကျွန်တော်တို့ မြို့နယ်ရုံးအချင်းချင်းဆက်သွယ်ပြီးတော့မှ သူတို့သတ်မှတ်တဲ့ အချက်တွေကိုကိုက်ညီတယ်ဆိုရင် လက်ရှိဒေသမှာ အိမ်ထောင်စုစာရင်းများကို ထုတ်ပေးပါတယ်။ နိုင်ငံသားစာရင်းများကိုလည်းပဲ ထုတ်ပေးပါတယ်။ အဲဒီဟာကိုလည်းပဲ ကျွန်တော်တို့ မေလ ၁ ရက်နေ့ကစပြီးတော့ သစ္စာစီမံချက်နဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ အခြေအနေကလည်းပဲ လက်တွေ့မှာ အမှန်တကယ်ဖြစ်ပေါ်နေတဲ့ အခြေအနေများဖြစ်ပါတယ်။ အဲဒီလိုဖြစ်တဲ့အခါ အဓိကအချက်ကတော့ အဲဒီပြည်သူများဟာ ကျူးကျော်နေတဲ့နေရာတွေမှာ နေထိုင်ကြတဲ့ကိစ္စက အဓိကအခက်အခဲတစ်ခုဖြစ်ပါတယ်။ အဲဒီလိုရွှေ့ပြောင်းနေထိုင်သူများနှင့် တချို့က အစိုးရဌာနပိုင်မြေ၊ သစ်တောကြိုးဝိုင်းမြေ၊ စည်ပင်ပိုင်မြေ၊ အဖွဲ့အစည်းပိုင်မြေ၊ ကုမ္ပဏီပိုင်မြေ၊ စီမံကိန်းပိုင်မြေ၊ တချို့ဆိုရင် သာသနာ့မြေတွေ၊ ပုဂ္ဂလိကပိုင်အနေနဲ့ မြေနုကျွန်းတွေ၊ ရထားလမ်း၊ ကားလမ်းဘေး စတဲ့ နေရာများမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေက ခွင့်ပြုထားတဲ့ ရှိတဲ့မြေနေရာတွေအပေါ်မှာ ဝင်ရောက်ပြီးတော့မှ ယာယီရွှေ့ပြောင်းနေထိုင်သူတစ်နည်းအားဖြင့်တော့ ကျူးကျော်နေထိုင်သူများလို့ သတ်မှတ်ထားသူအများစုပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီလို ကျူးကျော်နေထိုင်တဲ့သူများနှင့်ပတ်သက်ပြီးတော့မှ လုပ်ငန်းစဉ်များအနေနဲ့

ကတော့ လက်ရှိနေထိုင်ရာဒေသမှာ ကျူးကျော်တဲ့နေရာဖြစ်တဲ့အတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်အုပ်ရေးမှူးများက သူတို့နဲ့ပတ်သက်ပြီးတော့မှ ထောက်ခံမှုတွေ မပေးနိုင်ပါဘူး။ အဲဒီကိစ္စကို ထောက်ခံမှုမပေးနိုင်တဲ့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်းပဲ ဆက်လက်ဆောင်ရွက်ဖို့ အခက်အခဲဖြစ်ပါတယ်။ တချို့ကိစ္စတွေမှာလည်းပဲ ကျူးကျော်နေထိုင်သူများကို ပုံစံ-၁၀ ထုတ်ပေးလိုက်တဲ့အခါမှာဆိုရင် အဲဒီပုံစံ-၁၀ သည် ကျူးကျော်နေထိုင်တဲ့သူများက ဒီနေရာကို သူတို့ပိုင်ပါတယ်လို့ အမှုအခင်းဖြစ်တဲ့အခါမှာ၊ တရားရုံးတွေမှာ သွားရောက်လျှောက်ထားတဲ့အခါမှာ မလိုလားအပ်တဲ့ ပြဿနာ နောက်ဆက်တွဲတွေဖြစ်တဲ့အတွက် သက်ဆိုင်ရာရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများက ထောက်ခံမှုပြုပေးနိုင်တဲ့ကိစ္စများကိုသာ ဥပဒေနဲ့အညီ အိမ်ထောင်စုစာရင်းများကို ထုတ်ပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြချက်မှာပါတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် ကျူးကျော်ရပ်ကွက်မှာ နေထိုင်သူများဖြစ်ကြောင်း တွေ့ရပါတယ်။ အဲဒီ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာလည်းပဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေမှ ကြီးကြပ်စီမံမှုနဲ့ စာရင်းကောက်ယူပြုစုလျက်ရှိပါတယ်။ တရားဝင်နေထိုင်နိုင်ရေးလည်း ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ယာယီရွှေ့ပြောင်းနေထိုင်သူများအနေနဲ့ တရားဝင်နေထိုင်တဲ့ အခြေအနေများရောက်ရှိတဲ့အခါမှာ ကျွန်တော်တို့ ဥပဒေနှင့်အညီ အိမ်ထောင်စုစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် အစဉ်အဆက် မိသားစုသုံးဆက်လောက် ဘာအထောက်အထားမှမရှိတဲ့ ပုဂ္ဂိုလ်များကိုလည်းပဲ မည်သို့မည်ပုံ တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုတာ ဌာနအတွင်းမှာရော၊ တခြားဌာနများမှာရော ဥပဒေများနှင့်အညီ ပြန်လည်သုံးသပ်ပြီးတော့မှ ပြည်သူများအတွက် ဖြေလျှော့မှုများကို ဆောင်ရွက်နိုင်ဖို့အတွက်ကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ စဉ်းစားစိစစ်ပြီးတော့မှ၊ ဆက်လက်ပြီးတော့မှ ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနကလည်း ပြည့်စုံအောင် ဖြေသွားပါတယ်။ ဒါပေမဲ့ အခုနက ဝန်ကြီးဌာနက မဖြေစဉ်ကတည်းက ကျွန်တော်လည်း Power Point တွေမှာ တင်ထားပြီးသားပါ။ ဒါတွေ ကျွန်တော် အသေးစိတ်လေ့လာပြီးသားဖြစ်ပါတယ်။ အဲဒီတော့ အဓိက

ကျွန်တော်တို့ ဆိုလိုချင်တာက ကျွန်တော်တို့နိုင်ငံမှာ ဒီနေ့ အခုနကပြောတဲ့ တရားဥပဒေစိုးမိုးရေးကို အပြင်းအထန်ကြိုးစားနေတဲ့အချိန်မှာ ဝန်ကြီးအခုနက ပြောတဲ့ ယာယီရွှေ့ပြောင်းနေထိုင်သူလို့ပဲ ပြောပြော၊ ကျူးကျော်ရပ်ကွက်မှာနေထိုင်တဲ့ ပြည်သူတွေရဲ့ အခုနက မျိုးဆက်သုံးဆက်လောက် မှတ်ပုံတင်မရှိခဲ့တဲ့ အိမ်ထောင်စုစာရင်းမရှိခဲ့တဲ့ ကလေးသူငယ်တွေဟာ ဒီနေ့ (၁၀)တန်းအောင်လို့၊ ဘွဲ့တွေရလို့ လုပ်ငန်းခွင်ကိုဝင်မယ့်အချိန်မှာ သူတို့ရဲ့စတိုးဆိုင်တွေပဲသွားသွား၊ အထည်ချုပ်စက်ရုံမှာပဲ အလုပ်လုပ်မယ်ဆိုလို့ သူတို့ဘဝလေးတွေကို အကောင်းဆုံးဘဝကို ဖြတ်သန်းဖို့ကြိုးစားတဲ့အချိန်မှာ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမရှိတဲ့အတွက် ထောက်ခံစာများမရရှိတဲ့အတွက် သူတို့ဟာ တကယ်ကို ဂုဏ်သရေရှိတဲ့အလုပ်ကို လုပ်ကိုင်နိုင်ဖို့ ငြင်းဆန်ခြင်း၊ လူ့အသိုင်းအဝိုင်းက ငြင်းပယ်ခံရပါတယ်။ ဒါတွေဟာ အင်မတန်မှ မဖြစ်သင့်ပါဘူး။ ဒါကြောင့် သူတို့ဟာ အမှောင်လောကထဲကို တွန်းပို့လိုက်သလို ဖြစ်သွားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဒီကိစ္စက ဌာနတွင်း လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို အခုနက ကျွန်တော် မေးတဲ့မေးခွန်းလိုပါပဲ စဉ်းစားတယ်လို့တော့ ပြောပါတယ်။ ဘယ်အချိန်လောက်မှာများ ဖြေရှင်းပေးနိုင်မလဲ။ ဒီအင်းအားစုတွေက တကယ်ကျွန်တော်တို့ အသိုင်းအဝိုင်းကြီးမှာရှိနေပါတယ်။ ဒါကို အမြန်ဆုံးဖြေရှင်းပေးဖို့ ဘယ်လိုအချိန်လောက်မှာများ အတိအကျမပြောနိုင်တောင် ခန့်မှန်းခြေလေး ဝန်ကြီးအနေနဲ့ ဖြေကြားပေးနိုင်မယ်ဆိုရင် ဖြေကြားပေးဖို့ တောင်းဆိုပါတယ်။ ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့အနေနဲ့လည်းပဲ ဒီကျူးကျော်တဲ့နေရာတွေမှာ နေထိုင်နေတဲ့ ပြည်သူများအတွက် ဖြေလျှော့ပေးဖို့ကိစ္စနဲ့ ဆောင်ရွက်ပေးနိုင်ဖို့ကိစ္စကို စဉ်ဆက်မပြတ် ကျွန်တော်တို့ စဉ်းစားနေလျက်ရှိပါတယ်။ သာဓကအားဖြင့် ဒဂုံမြို့သစ်အရှေ့ပိုင်းက လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ စာရင်းကောက်ပြီးတော့မှ တင်ပြခဲ့တဲ့ကိစ္စတွေကိုလည်းပဲ ကျွန်တော်တို့ကိုယ်တိုင် ကွင်းဆင်းပြီးတော့မှ ဌာနဆိုင်ရာဝန်ထမ်းတွေကွင်းဆင်းပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ကိစ္စကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ အခုအချိန်ကစပြီးတော့မှ စဉ်းစားဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ အဖြေထွက်ရှိတဲ့အခါကိုလည်းပဲ အမြန်ဆုံးထွက်ရှိအောင် ကျွန်တော်တို့ တခြားဌာနများနှင့် ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပါ့မယ်။ ဥပဒေပိုင်းဆိုင်ရာ အခက်အခဲရှိတယ်ဆိုရင်လည်းပဲ

မူကြမ်း

ကျွန်တော်တို့ နိုင်ငံတော်ရဲ့အကျိုးစီးပွားနဲ့ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ချိန်ညှိပြီးတော့မှ ကျွန်တော်တို့ ဆက်လက်ပြီးတော့မှ ဖြေလျှော့ပေးတာတွေကို ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပါ့မယ်။

အလားတူပါပဲ။ ကျွန်တော်တို့နိုင်ငံမှာ ဒီပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက်ကို EID လို့ခေါ်တဲ့ Electronic Identification စနစ်ကတ်ကို ကျွန်တော်တို့က ဆောင်ရွက်ပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ အဓိကအချက်ကတော့ ကျွန်တော်တို့ ဒီ IT နဲ့ Solution နဲ့ ဖြေရှင်းမှသာ ရေရှည်မှာ အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ထောက်ခံချက်သွားယူနေမယ်။ လိုအပ်တဲ့ ပုံစံတွေသွားယူနေမယ်ဆိုရင် အခက်အခဲကန့်သတ်ချက်တွေ၊ အခက်အခဲတွေရှိတယ်။ ငွေကြေးတောင်းဆိုမှုတွေရှိတယ်။ မသမာမှုတွေရှိတယ်ဆိုတာ ကျွန်တော်တို့ သိရှိနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံတကာပညာရှင်တွေနဲ့ ဆွေးနွေးနေပါတယ်။ ကျွန်တော်တို့ နိုင်ငံနဲ့အနေအထားလေးကို ကျွန်တော်က စိစစ်ပြီးတော့မှ ဒါလေးကိုလည်းပဲ ကျွန်တော်တို့က ဆင်းတက်ပြီးတော့မှ ဆောင်ရွက်ဖို့ နိုင်ငံတော်အကြီးအကဲများထံမှလည်းပဲ လမ်းညွှန်ချက်ရရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ဒီကိစ္စကိုလည်းပဲ စိစစ်ပြီးတော့မှ၊ စဉ်းစားပြီးတော့မှ ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ဆင့်ပြီးတော့မှ မေးမြန်းတဲ့ လက်ရှိ (၁၀)တန်းအောင်ပြီးသား အလုပ်ဝင်တဲ့ကလေးတွေ အခက်အခဲဖြစ်တာကိုလည်းပဲ ကျွန်တော်တို့ ဌာနအနေနဲ့ စဉ်းစားပြီးတော့မှ အကောင်းဆုံးဖြစ်အောင် အဖြေတစ်ခုကိုရရှိအောင် ဆောင်ရွက်ပါ့မယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖြေလျှော့နိုင်တဲ့ကိစ္စလေးကို စဉ်းစားပါမယ်။ သက်ဆိုင်ရာအဖွဲ့အစည်းများကို တင်ပြပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်လည်း ဆွေးနွေးပြီးတော့မှ အမြန်ဆုံး ဒီကိစ္စကို ဝန်ကြီးဌာနအနေနဲ့ စဉ်းစားပြီးတော့မှ စီစဉ်ဆောင်ရွက်ပေးပါ့မယ်။ အဲဒီ စဉ်းစားစီစဉ်ဆောင်ရွက်ပြီးမှ ဆုံးဖြတ်ချက်ကျတယ်ဆိုရင် အဲဒီအချိန်ကစပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီကိစ္စနှင့်စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနရော၊ သက်ဆိုင်ရာကိုယ်စားလှယ်ရော ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅ ပုဒ်မခွဲ(က)၊ (ခ)ကို အလေးအနက်ထားဖို့နဲ့ လက်တွေ့ကျင့်သုံးဖို့ လိုပါတယ်။ ကိုယ်စားလှယ်ဘက်ကလည်း ဒီအထောက်အထားကို ခိုင်လုံအောင်ပြရမယ်။ ဝန်ကြီးဌာနဘက်ကလည်း ဒီဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်နိုင်ရမှာ ဖြစ်ပါတယ်။ ဒါဟာ ဘာလဲဆိုတော့ ပုဒ်မ ၃၄၅ ပုဒ်မခွဲ(က)မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ။ ပုဒ်မခွဲ(ခ)မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေ

အတည်ပြုသည့်နေတွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ။ အဲဒါတွေက နိုင်ငံသားပါ။ အဲဒီတော့ ဒီ ပုဒ်မခွဲ (က)၊ (ခ)ကို ခိုင်လုံအောင် ကိုယ့်ဘက်ကလည်း၊ ကိုယ်စားလှယ်ဘက်ကလည်း ပြ။ ဒီဟာခိုင်လုံတယ် ဆိုရင် ဒီဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့ နိုင်ငံသားအခွင့်အရေးအရ ဝန်ကြီးဌာနဘက်ကလည်း ဒါကို ပြန်လည်သုံးသပ်ပြီး စဉ်းစားပေးပါ။ ဒီမှာ နိုင်ငံသား Automatic ဖြစ်တာ နှစ်ချက်ရှိပါတယ်။ ကျွန်တော် ထပ်ပြောပါ့မယ်။ ပုဒ်မခွဲ(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘ နှစ်ပါးမှ မွေးဖွားသူ၊ ပုဒ်မခွဲ(ခ)က ၂၀၀၈ ဖွဲ့စည်းပုံကို ဆိုလိုခြင်းဖြစ်တယ်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ။ အဲဒီနှစ်ချက်ကို ကိုင်တွယ်ကျင့်သုံးဖို့ပဲ လိုအပ်ပါတယ်။ ဒါကို အထူးသတိပြုဖို့ လိုပါတယ်။

**နှစ်တစ်ရာသက်တမ်းရှိ ရှေးဟောင်းဘုရားဆင်းတုတော်များ၏စာရင်းကို ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းပြီး စာရင်းကောက်ယူထားခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ် မှ ဦးမင်းသိန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကိုမေးမြန်းလိုတာ ကတော့ မြန်မာနိုင်ငံအတွင်း နှစ် ၁၀၀ သက်တမ်းရှိတဲ့ ရှေးဟောင်းဘုရားဆင်းတုတော်များကို စာရင်း ကောက်ယူထားပြီး ဘုရားခိုးဂိုဏ်းများ၏အန္တရာယ်မှ ကင်းလွတ်အောင် မည်ကဲ့သို့စီစဉ်ထားပါသလဲ ဆိုတဲ့မေးခွန်းကိုမေးမြန်းမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမေးမြန်းရခြင်းကို အကြောင်းအကျိုးဖော်ပြပါမယ်။ မြန်မာနိုင်ငံရဲ့ရှေးဟောင်းမြို့ကြီး၊ ရွာကြီးတွေနဲ့ သာသနာ့နယ်မြေ၊ ဘုန်းကြီးကျောင်းများမှာ လက်ရှိ ပြဋ္ဌာန်းထားတဲ့ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ နှစ် ၁၀၀ သက်တမ်းရှိ ရှေးဟောင်းဆင်းတုတော်လို့ သတ်မှတ်ထားတဲ့ဆင်းတုများရှိနေကြပါတယ်။ ဒါပေမဲ့လို့ ရှိတော့ရှိတယ် ရှားတယ်ဆိုတာမျိုးဖြစ်နေပါပြီ။ ဘာကြောင့်လဲဆိုတော့ နိုင်ငံခြားတိုင်းပြည်တွေက ဒီလိုရှေးဟောင်း ဆင်းတုတော်တွေကို ဈေးကောင်းကောင်းနဲ့ဝယ်ယူခဲ့ကြတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ဒါ့ကြောင့် လွန်ခဲ့တဲ့နှစ် ၃၀ လောက်ကစပြီး ဘုရားခိုးဂိုဏ်းတွေက ဘုရားဆင်းတုတော်တွေကိုခိုးယူပြီး နယ်စပ်မှ တစ်ဆင့် နိုင်ငံခြားတိုင်းပြည်များသို့ ရောင်းချခဲ့ကြတာကြောင့် ခိုးစရာရှေးဟောင်းဘုရားတောင် မကျန်ရစ်လောက်အောင်ဖြစ်နေပါပြီ။ ခိုးယူခံခဲ့ရတဲ့ ဘုရားဆင်းတုတော်တွေဟာ နိုင်ငံခြားတိုင်းပြည် တွေကို ရောက်သွားရင် ပြတိုက်တွေထဲမှာ တင့်တယ်စွာ စံပါယ်နေရတာမဟုတ်ပါဘူး။ နိုင်ငံတကာရှိ

မူကြမ်း

ပြတိုက်များအနေနဲ့ တရားမဝင်နည်းလမ်းနဲ့ ရယူခဲ့တဲ့ ရှေးဟောင်းဆင်းတုတော်များကို ပြသခြင်းမပြုဖို့ နိုင်ငံတကာဥပဒေတွေအရ ခွင့်ပြုမထားပါဘူး။ မူရင်းတိုင်းပြည်တွေက တောင်းရင်ပြန်ပေးရပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံက ပြည်ပကိုရောက်ရှိသွားတဲ့ ရှေးဟောင်းဘုရားဆင်းတုတော်တွေဟာ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ချမ်းသာကြွယ်ဝတဲ့သူဌေးများရဲ့နေအိမ်များမှာ အလှဆင်ပစ္စည်းများအဖြစ် လှေခါးထိပ်တွေမှာ၊ ခန်းမတွေမှာ၊ နံရံတွေမှာ အသုံးချခံနေရတာကို နိုင်ငံတကာရုပ်ရှင်နဲ့ဗီဒီယိုများမှာ တစ်ခါတရံတွေ့မြင်နိုင်ပါတယ်။ ကျွန်းသစ်တိုးတစ်တိုး၊ ကျောက်စိမ်းတိုးတစ်တုံး နိုင်ငံခြားရောက်သွားတာဟာ ရှေးဟောင်းဘုရားတစ်ဆူ နိုင်ငံခြားရောက်သွားတာနဲ့မတူပါဘူး။ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့မြန်မာလူမျိုးအများစုကိုးကွယ်နေတဲ့ ဗုဒ္ဓဘာသာရဲ့ဂုဏ်သိက္ခာကို များစွာကျဆင်းစေပါတယ်။ ဥရောပစူပါမားကတ်ကြီးရဲ့ ဗီရိုကြီးထဲမှာ ရောင်းကုန်သဖွယ်ဖြစ်နေတဲ့ ဗုဒ္ဓဆင်းတုတော်တစ်ဆူကို တွေ့မြင်ဖူးမြော်ရကြောင်း ကဗျာဆရာကြီးတင်မိုးက ဗုဒ္ဓနှင့်တွေ့ဆုံခြင်းဆိုတဲ့ကဗျာမှာ ရင်နာနာနဲ့ ရေးဖွဲ့ခဲ့တာကို ကဗျာချစ်သူ၊ စာချစ်သူများဖတ်ဖူးကြမှာပါ။ မကြာမြင့်လှသေးတဲ့အချိန်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် မြေတူးမြို့ဟောင်းက ရှေးဟောင်းဘုရားဆင်းတုတော်များ အခိုးခံခဲ့ရကြောင်း သတင်းတစ်ပုဒ်ကို ၂၂-၁-၂၀၁၇ ရက်နေ့ထုတ် The Voice သတင်းဂျာနယ်မှာ ဖော်ပြပါရှိခဲ့ပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေဟာ ရှေးဟောင်းစေတီ၊ ရှေးဟောင်းဆင်းတုတော်များအား ဖူးမြော်ရတာကို ကြည်နူးတတ်ကြပါတယ်။ ပိုပြီးတော့ ဆုတောင်းပြည့်တယ်လို့လည်း ယုံကြည်ကြပါတယ်။ ရှေးဟောင်းဘုရားဆင်းတုတော်တွေကို ကြည်ညိုစိတ်နဲ့ ဝယ်ယူစုဆောင်းထားတဲ့ မြန်မာနိုင်ငံမှာ ရေသန့်စက်ရုံတည်ထောင်ထားတဲ့ ဂျပန်လူမျိုး မစ္စတာကူမာလိုဟာ သူဝယ်ယူစုဆောင်းထားတဲ့ ရှေးဟောင်းဘုရားဆင်းတုတော် ၃၀၁ ဆူကို မှော်ဘီမြို့နယ်၊ ရေပြာကျေးရွာ အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဆရာတော်ထံ ၂၀၁၂ ခုနှစ်က လှူဒါန်းခဲ့ကြောင်း အံ့ဩဖွယ်၊ ကြည်နူးဖွယ်ရာသတင်းတစ်ပုဒ်ကိုလည်း ဖတ်ရှုရပါတယ်။ ငါးပိသည်ကအိပ်နေပြီးတော့ ဆားသည်ကယင်ခြောက်ဆိုတဲ့ စကားပုံဟာ ဒီနေရာနဲ့အကိုက်ပါပဲ။ ကျွန်တော်တို့မြန်မာလူမျိုးတွေဟာ ကိုယ်တိုင်ကတော့ ရှေးဟောင်းပစ္စည်းများကို ထိန်းသိမ်းရမှန်းမသိပါဘူး။ တစ်ပါးသူစုဆောင်းထိန်းသိမ်းပြီး လှူဒါန်းထားတဲ့ ဆင်းတုတော်များကိုတော့ သွားရောက်ဖူးမြော်ကြလို့ အောင်ဇမ္ဗူတောရကျောင်းမှာ နေ့စဉ်လူတွေနဲ့ စည်ကားနေတယ်ဆိုတာကို သိရပါတယ်။ ဒီအကြောင်းများကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ မြန်မာနိုင်ငံအတွင်း နှစ် ၁၀၀ သက်တမ်းရှိ ရှေးဟောင်းဘုရားဆင်းတုတော်များကို စာရင်းကောက်ယူထားခြင်းရှိ/မရှိ၊ အကယ်၍ စာရင်းကောက်ထားပြီးပြီ ဆိုပါကလည်း ထိုဘုရားဆင်းတုတော်များကို ဘုရားခိုးဂိုဏ်းများ၏

ဘေးအန္တရာယ်မကာကွယ်ရန် မည်ကဲ့သို့စီမံဆောင်ရွက်ထားပါသနည်းဆိုတာကို သက်ဆိုင်ရာမှဖြေကြား ပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသာနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ ကျန်းမာရွှင်လန်း ကြပါစေ။ ပဲခူးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းရဲ့မေးခွန်းအား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ နှစ် ၁၀၀ သက်တမ်းရှိတဲ့ ရှေးဟောင်းဘုရားဆင်းတုတော်များရဲ့စာရင်းကို ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်း ပြီးတော့မှ စာရင်းကောက်ယူထားနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်းမှာ နှစ် ၁၀၀ သက်တမ်းရှိတဲ့ ရှေးဟောင်းဘုရားဆင်းတုတော်များကို စာရင်းကောက်ယူထားခြင်း မရှိသေးပါ။ ဤကိစ္စသည် အလွန်နက်နဲကျယ်ပြန့်သည့်ကိစ္စတစ်ရပ်ဖြစ်ပြီးတော့မှ ရွှေ့ပြောင်းနိုင်သော အများ ပြည်သူကိုးကွယ်မှုဆိုင်ရာဝတ္ထုပစ္စည်းများဖြစ်၍ ဆောင်ရွက်ရန်မလွယ်ကူကြောင်းနှင့် ဆောင်ရွက်မည် ဆိုပါကလည်း ဒေသအလိုက်သံဃာ့အဖွဲ့အစည်းများ၊ ဂေါပကအဖွဲ့များ၊ ပုဂ္ဂလိကကိုးကွယ်သူများ စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ရှိနေသောကြောင့် ကြိုတင်ပညာပေးရှင်းလင်းခြင်း၊ အသိပေးခြင်း၊ ပြည်သူလူထုကိုယ်တိုင်ကလည်း လိုလိုလားလားလက်ခံခြင်းများရှိမှသာလျှင် ကိုးကွယ်ယုံကြည်မှု ဆိုင်ရာပြဿနာများကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ၂၀၁၅ ခုနှစ်၊ ရှေးဟောင်းဝတ္ထု ပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအခန်း(၄) ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်း ခြင်း၊ အပ်နှံခြင်းနှင့်လက်ခံခြင်း၊ ပုဒ်မ ၈ ပုဒ်မခွဲ(က)အရ ဘာသာရေးအရ ဝတ်ပြုကိုးကွယ်ရာတွင် လက်ရှိအသုံးပြုနေတဲ့ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ ဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့်ပတ်သက်၍ သင့်လျော်သောအကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိစေရဟု ပြဋ္ဌာန်း ထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်အရ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်နိုင်ခွင့်သည် ပြည်သူလူထုလက်ရှိ ကိုးကွယ်ယုံကြည်သည့် ရှေးဟောင်းဘုရားဆင်းတုတော်များနှင့်ပတ်သက်၍ နှစ် ၁၀၀ ကျော်လွန်

ပြီးတော့မှ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်စေကာမူ ပိုင်ဆိုင်ခွင့်နှင့်ထိန်းသိမ်းခွင့်ကိုဥပဒေအရ ခွင့်ပြုချက်ပေးထားပါတယ်။

ဤဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေနဲ့ မရွှေ့ပြောင်းနိုင်တဲ့ ရှေးဟောင်းအဆောက်အအုံများကိုသာ မြို့နယ်အလိုက် စာရင်းကောက်ယူမှတ်တမ်းတင်လျက်ရှိပါတယ်။ အဲဒီလို ရှေးဟောင်းဘုရားပုထိုး၊ ရုပ်ပွားတော်များသည် ဧရိယာနယ်ပယ်ကျယ်ဝန်းပြီးတော့မှ အရေအတွက်များပြားကြီးမားသောကြောင့် လောလောဆယ်တော့ ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်းလည်း တင်ပြလိုပါတယ်။ ဆက်စပ်ပြီးတော့မှ စာရင်းရှိပါကလည်း ထိုဘုရားဆင်းတုတော်များခိုးယူခြင်းမခံရအောင် လုံခြုံရေးအစီအမံများ မည်သို့ထားရှိပါသလဲဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီးတော့မှ ဘုရားဆင်းတုများနဲ့ အချို့အလွန်ရှားပါးပြီးတော့မှ လက်ရာတန်ဖိုးရှိတဲ့ ပျူခေတ်၊ ပုဂံခေတ်ရှေးဟောင်းဘုရားဆင်းတုများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိတဲ့ ဂေါပကများ၊ သံဃာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကိုလည်းပဲ လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ရန် သတိပေးခြင်း၊ အကာအရံများပြုလုပ်ထားရှိရန် အကြံပြုခြင်း၊ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများသို့လည်း ညှိနှိုင်းအကြောင်းကြားခြင်းများ ပြုလုပ်လျက်ရှိပါတယ်။ ဤဝန်ကြီးဌာနမှ ထိန်းသိမ်းထားတဲ့ဘုရားဆင်းတုတော်များရဲ့ လုံခြုံရေးအတွက် ဌာနရဲ့လုံခြုံရေးဝန်ထမ်းများထားရှိခြင်း၊ လုံခြုံသောအဆောက်အဦအတွင်းထားရှိခြင်း၊ လုံခြုံရေးအစီအမံများ၊ CCTV ၊ Alarm စနစ်များထားရှိခြင်းတို့ဖြင့် စောင့်ရှောက်ထိန်းသိမ်းသကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍လည်း လုံခြုံရေးဆောင်ရွက်ခြင်းများ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ မြန်မာနိုင်ငံအတွင်းမှာ နှစ် ၁၀၀ သက်တမ်းရှိတဲ့ ရှေးဟောင်းဘုရားဆင်းတုတော်များစာရင်းကို ကောက်ယူထားနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ၂၀၁၅ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ခွင့်ပြုချက်ပေးထားပါသဖြင့်လည်း အလွန်များပြားပြီးမှ ဆောင်ရွက်ရန် နယ်ပယ်ကျယ်ဝန်းလှသဖြင့် စာရင်းကောက်ယူနိုင်ခြင်းမရှိသေးပါကြောင်း အနယ်နယ်အရပ်ရပ်ရှိ ခုနကပြည်သူလူထုကိုးကွယ်နေတဲ့ ရှေးဟောင်းရုပ်ပွားဆင်းတု၊ ရင်းမှုအမွေအနှစ်များကို နယ်မြေဒေသအလိုက် သံဃာ့အဖွဲ့အစည်းများ၊ ဂေါပကအဖွဲ့အစည်းများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့များ ပူးပေါင်းပြီးတော့မှ တားဆီးကာကွယ်သွားရန်သာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့် ဆောင်ရွက်ချက်ကလေးကို ဆက်တင်ပြချင်ပါတယ်။ ဒီဌာနမှာ တာဝန်ယူတဲ့အချိန်ကစပြီးမှ အများဆုံးရှေးဟောင်းယဉ်ကျေးမှုပစ္စည်းအမွေအနှစ်တွေက တရုတ်ပြည်

နယ်စပ်၊ ထိုင်းနယ်စပ်ကို အထွက်များပါတယ်။ အဲဒီနယ်စပ်ဂိတ်တွေဖြစ်တဲ့ မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းဒေသတွေမှာ ရှေးဟောင်းနဲ့ ပြီးမှဆက်စပ်နေတဲ့ စုံစမ်းရေးအဖွဲ့တွေချထားပြီးမှ နိုင်ငံခြားကိုပို့မယ့်ပစ္စည်းတွေကို ပြန်လည်ရယူသိမ်းဆည်းပြီးတော့မှ ပြန်ပို့တဲ့လုပ်ငန်းလုပ်တဲ့အခါမှာ အတိုင်းအတာကြီးမားစွာ အောင်မြင်မှုရပါတယ်။ အဲဒီအပြင် ခုနကဒါနဲ့ပတ်သက်ပြီးတော့မှ ဥပဒေသစ်ကိုပြဋ္ဌာန်းလိုက်တဲ့အခါမှာ ရှေးဟောင်းယဉ်ကျေးမှုအမွအနှစ်ပစ္စည်းတွေကို နိုင်ငံတော်အစိုးရဝန်ကြီးဌာနတွေမကဘဲနဲ့ ပုဂ္ဂလိကများကပါ ထိန်းသိမ်းခွင့်တွေရလို့မို့လို့ ခုဆိုရင် ပုဂ္ဂလိက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်၊ ဆင်းတုတော်တွေ၊ ယဉ်ကျေးမှုအမွေအနစ်တွေ ထိန်းသိမ်းတဲ့ပြတိုက်တွေ စတင်ပေါ်ထွန်းလာနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့ယဉ်ကျေးမှုအမွေအနစ်ပစ္စည်းတွေ လေလွင့်ဆုံးရှုံးမှု၊ ခိုးယူမှုလျော့နည်းပပျောက်သွားအောင် ဆက်လက်ပြီးမှ လက်တွေ့ကျတဲ့နည်းလမ်းများနဲ့ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

**သံဖြူဇရပ်မြို့နယ်ရှိ ဝါခရူမြို့ဟောင်းကို မူလအကျယ် ၆၅ ဧကအတိုင်းယဉ်ကျေးမှုဝန်ကြီးဌာန သို့မဟုတ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ထိန်းသိမ်းစောင့်ရှောက်ခံအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း မေးမြန်းဖို့ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းရှိကြသော ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ မွန်တိုင်းရင်းသားတို့အတွက် ထိန်းသိမ်းစောင့်ရှောက်သင့်သည့် ရှေ့ဟောင်းယဉ်ကျေးမှုအမွေအနှစ် ကိုးဌာနတစ်ခုအပါအဝင်ဖြစ်သော ဝါခရူမြို့ဟောင်းကို မူလအကျယ် ၆၅ ဧကအတိုင်း အဓွန့်ရှည်ရန်အလို့ငှာ ပြည်ထောင်စုအဆင့် ထိန်းသိမ်းစောင့်ရှောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၈-၁၂-၂၀၁၄ ရက်နေ့မှာ သံဖြူဇရပ်မြို့ အ.ထ.က(၂) ကျောင်းခန်းမကြီးမှာ ဝါခရူမြို့တော်ဟောင်းနှင့် ပတ်သက်ပြီးတော့ စာတမ်းဖတ်ပွဲတစ်ခုကျင်းပခဲ့ပါတယ်။ မော်လမြိုင်တက္ကသိုလ်၏ သမိုင်းဌာနအပါအဝင် ဌာနပေါင်းလေးခုမှ ပါမောက္ခပညာရှင်များက စာတမ်းရှစ်စောင်တင်သွင်းခဲ့ပါတယ်။ စာတမ်းများအရ ဝါခရူမြို့တော်ဟောင်းဟာ သံဖြူဇရပ်မြို့အနီး၂ မိုင်အကွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၉ မိနစ်၊ အရှေ့လောင်တွီတွဒ် ၉၇ ဒီဂရီ ၄၂ မိနစ်မှာ မြို့ရိုး၊ ကျုံးအင်္ဂါစုံစွာဖြင့်တည်ရှိကြောင်း ကျိုက္ခမီ မှုကြမ်း

ဂေဇက်ကြီးများရဲ့ မှတ်တမ်းအရဆိုရင် မဂဒူးမင်း အေဒီ ၅ ရာစုမှာ တည်ဆောက်ခဲ့တယ်လို့ဆိုပြီးတော့ မုတ္တမ ၃၂ မြို့ စစ်တမ်းအရတော့ ခရစ်နှစ် ၁၂၈၇ ခုနှစ်မှာ တည်တယ်လို့ဆိုပါတယ်။ အနှစ် ၈၀၀ လောက် ကွာဟတယ်ဆိုပေမဲ့လို့ ကျောက်စာဝန်တော်စိန်ခိုရဲ့ ရာမညဒေသခရီးစဉ်မှတ်တမ်း ဗဒုံမင်းဘိုးတော်ဘုရားတို့လက်ထက် စစ်တမ်းများအရ ရှေ့ဟောင်းမွန်မြို့တော်တစ်ခုဆိုတာကိုတော့ အငြင်းပွားဖွယ်မရှိပါဘူး။ ပြီးတော့ မှန်ကူကွက်ပုံရှေ့ဟောင်းမြို့တော်ကြီးသည် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းမှာ ခြောက်ခုသာရှိပြီးတော့ ဝါခရူမြို့ဟောင်းတစ်ခုအပါအဝင်ဖြစ်ပါတယ်။ မူရင်း အကျယ် ၆၅ ဧကရှိပြီးတော့ ယခုအခါ စာကျက်မြေအဖြစ်ရှိနေတာကို တွေ့ရှိရပါတယ်။ သို့သော် ဝိသမလောဘသမားများက မြို့ရိုးပေါ်အထိကို ကျူးကျော်ပြီးတော့ ရော်ဘာခြံတွေစိုက်လာတယ်။ သစ်တောဦးစီးကလည်းပဲ မြို့ဟောင်းမြေအတွင်းမှာ ယူကလစ်စိုက်ခင်းတွေကို စိုက်လာတာကို တွေ့ရပါတယ်။ အဲဒီအပြင်ကို ပထမအကြိမ် လွှတ်တော်ပြည်နယ်အစိုးရကနေပြီးတော့မှ နှစ်ဧကကို ပြတိုက်လုပ်ပြီးတော့ ကျန်တာကို အရောင်းခန်းတို့၊ ပြခန်းတို့၊ ဆိုင်ခန်းတို့လုပ်မယ်ဆိုပြီးတော့မှ သတင်း ထွက်ပါသေးတယ်။ အဲဒီတော့ ကျွန်တော်တို့ ကျန်မြေကို ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်မယ်လို့ ကြားသိရတဲ့အတွက်ကြောင့် ဒေသခံများနဲ့မွန်တိုင်းရင်းသားများအနေနဲ့ မြို့တော်ဟောင်းကြီး တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားမှာကို အလွန်တရာမှ စိုးရိမ်ကြောင့်ကြလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေ့ဟောင်းမြို့သည် ကျွန်တော်တို့မည်သည့်ဟိုတယ်၊ စက်ရုံ၊ စျေးဆိုင်များမှ မမြင်ချင်ပါဘူး။ ရှေ့ဟောင်းဗိသုကာယဉ်ကျေးမှုအမွေအနှစ်အဖြစ်သာလျှင် အမြတ်တနိုးတန်ဖိုးထားပြီးတော့ အဓွန့်ရှည်အောင် စောင့်ရှောက်လိုပါတယ်။ ဒီလိုစောင့်ရှောက်ခြင်းက လည်းပဲ ကောင်းမြတ်သောပြည်ထောင်စုသားကောင်းတို့ရဲ့ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှလည်းပဲ ယခုနှစ် မွန်အမျိုးသားနေ့အကြို ညစာစားပွဲအခမ်း အနားမှာ လူတစ်ဦးချင်းရော၊ အမျိုးသားတစ်ရပ်လုံးအတွက်ပါ Identity ဆိုတာ လိုအပ်တယ်လို့ ပြောကြားခဲ့ ပါတယ်။ ဒါကြောင့် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်အတွင်းမှာရှိတဲ့ မွန်တိုင်းရင်းသားတို့ရဲ့ အမွေအနှစ်တစ်ခုဖြစ်သော ဝါခရူမြို့ဟောင်းကို ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနရဲ့ ထိန်းသိမ်းစောင့်ရှောက်ခံအဖြစ် ထားရှိလိုပါတယ်။

Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ကျွန်တော့်တို့ မြို့ဟောင်းရဲ့အဝင်ဝပေါ့နော်။ အဲဒီမှာ ကျွန်တော်တို့ ဂဝံအုတ်ကြီးတွေက ၃ ပေ x ၂ ပေလောက်ကို ကြီးပါတယ်။ လူသုံး၊ လေးယောက် လောက်မမှတက်မှာ တွေ့ရှိရမှာပါ။ အဲဒီတော့ မြို့ရိုး ၆၅ ဧကကို ဒီလိုထုထည်ကြီးကြီးမားမားနဲ့

တည်ဆောက်ဖို့ အတွက်ဆိုတာ တစ်ခေတ်တစ်ခါက အလွန်တရာမှ လူနေစည်ကားပြီးတော့ ဗိသုကာလက်ရာလည်း အလွန်မြောက်တယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ လူ့အရပ်နဲ့ မြို့ရိုး အမြင့်ဆုံးနေရာကို နှိုင်းယှဉ်ပြ တာပါ။ ပေ ၄၀ လောက်ထိကို မြင့်ပါတယ်။ တချို့နေရာမှာ။ အဲဒီမှာ ကတော့ မြို့ရိုးပေါ်ထိကို ကျူးကျော်ပြီးတော့ စိုက်ပျိုးထားတဲ့ ကျူးကျော်ရော်ဘာခြံပင် ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အစိုးရသစ်တောဌာနက ကျူးကျော်ပြီးတော့ ဝင်စိုက်ထားတဲ့ ယူကလစ် စိုက်ခင်းကြီးပါ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ဒီကနေပြီးတော့မှ ဖိတ်ခေါ်ချင်ပါတယ်။ ကျုံးကို လေ့လာကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ ကျိုက္ခမီပင်လယ်နဲ့ဆက်နေတာဖြစ်တဲ့အတွက်ကြောင့် ရှေးခေတ် ရဲ့စီးပွားရေးအမြင်လည်း အလွန်မြင့်မားကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ဒီကနေပြီးတော့မှ ရှေ့ဟောင်း မွန်ပြည်နယ်မြို့တော်ကြီးကို လာရောက်လေ့လာကြဖို့အတွက် လွှတ်တော်အစည်းအဝေးကနေ ဖိတ်ခေါ်ရင်းနဲ့ ကျွန်တော့်ရဲ့မေးခွန်းကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့ မေးခွန်းကိုဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ဝါခရူမြို့ဟောင်း သည် သံဖြူဇရပ်မြို့ရဲ့ အနောက်မြောက်ဘက် ၂ မိုင်ကျော်ခန့်အကွာ ဝါခရူကျေးရွာအနီးမှာ တည်ရှိပါတယ်။ မြေစာရင်းဌာနရဲ့ ဖော်ပြပါစာရင်းအရ မြို့ဟောင်းရဲ့ဧရိယာသည် ၆၁.၁၀ ဧကခန့် ကျယ်ဝန်းပါတယ်။ ထင်ရှားသော သမိုင်းမှတ်တမ်းများအရ ဝါခရူမြို့ကို ဂဒူးမင်းက အေဒီ (၅)ရာစုတွင် တည်ထောင်ခဲ့ကြောင်း၊ ကျိုက္ခမီဂေဆက်တီးယားစာအုပ်တွင် ဖော်ပြပါရှိပါတယ်။ အချို့မှတ်တမ်း များမှာ (၁၃)ရာစုတွင် ဝါခရူမြို့တည်ရှိနေပြီးတော့မှ တည်ရှိပြီးဖြစ်ကြောင်းလည်း ဖော်ပြထားပါတယ်။ ၎င်းအပြင် ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် မြို့ရွာစစ်တမ်းကောက်ယူရာမှာလည်းပဲ မုတ္တမမြို့ရဲ့ မြို့ရံ ၃၂ မြို့ထဲမှာ ဝါခရူမြို့ပါဝင်ကြောင်း တွေ့ရှိရပါတယ်။ ဝါခရူမြို့ဟောင်းရဲ့ ပုံသဏ္ဍာန်ဟာ ဆန္ဒင်းမကင်းပုံသဏ္ဍာန်ရှိပြီးတော့မှ မြေမြို့ရိုးတစ်ထပ်၊ ကျုံးတစ်ထပ်ကာရံထားရှိတာ ကိုတွေ့ရှိရပါတယ်။ မြေမြို့ရိုးအမြင့်ဆုံးနေရာမှာ ပေ ၂၀ ခန့်ထိရှိနိုင်ပြီးတော့မှ အချို့နေရာများတွင် ၁၀ ပေခန့်အထိ ထင်ရှားစွာတွေ့ရှိနိုင်ပါတယ်။ မြေမြို့ရိုးရဲ့အပြင်ဘက်မှာ ကျုံးရှိပြီးတော့မှ ရေဝင်

ရောက်ခြင်းမရှိတော့ကြောင်း တွေ့ရှိရပါတယ်။ ပျမ်းမျှကျုံးရဲ့အနက်မှာ ၁၀ ပေမှ ၁၅ ပေခန့်အထိရှိပြီး တော့မှ ကျုံးအကျယ်မှာ ပေ ၄၀ ခန့်အထိရှိကြောင်း မြေပြင်လေ့လာတွေ့ရှိရပါတယ်။

မြို့ရိုးအတွင်းမှာ ပြန်လည်ပြုပြင်ထားတဲ့ နန်းဦးစေတီ၊ ဝါခရူကျေးရွာမှ တည်ဆောက်ထားတဲ့ ခေတ်သစ်လက်ရာ အုတ်တိုက်ဇရပ်တစ်ဆောင်၊ ဗောဓိညောင်ပင်တစ်ပင် နောက်ကျေးရွာဘောလုံးကွင်းတစ်ကွင်း၊ ကျေးရွာထင်းစိုက်ခင်းနှစ်ဧကခန့်၊ သံဖြူဇရပ်မြို့နယ်၊ သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားတဲ့ ယူကလစ်စိုက်ခင်းတစ်ဧကခန့်၊ ရှေးဟောင်းသုတေသနဌာနမှ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှာ တူးဖော်သုတေသနပြုထားတဲ့ တူးဖော်မှုကုန်းတစ်ကုန်းနှင့် တောင်ဘက်အကျဆုံးမြို့ရိုးအနီးမှာ ရှိတဲ့ ဘုန်းကြီးကျောင်းပိုင်သုံးဧကခန့်ကျယ်တဲ့ ရော်ဘာခြံတစ်ခြံကို တည်ရှိနေတာ တွေ့ရှိရပါတယ်။ ယခုအခါမှာ ဒီကျုံးအတွင်းမှာ အထက်ပါအဆောက်အအုံများ၊ သစ်တောစိုက်ခင်းများ၊ ထုတ်နုတ်မယ်ဆိုလို့ရှိရင် လက်ကျန်ဧရိယာ ဧက ၄၀ ခန့်သာ ကျန်ရှိနိုင်ကြောင်းလည်း ခန့်မှန်းတွေ့ရှိရပါတယ်။

မြို့ဟောင်းရဲ့ ကျုံးနေရာများအားလုံးဟာ ရော်ဘာခြံများစိုက်ပျိုးထားရှိပြီးတော့မှ ယခုအခါ အဲဒီရော်ဘာခြံတွေဟာ သက်တမ်းအရွယ်ရောက်နေတဲ့ ကာလဖြစ်ပါတယ်။ နောက်ပြီးတော့လည်း မြို့ရိုးတစ်လျှောက်မှာ ဘုန်းကြီးကျောင်းများ၊ စေတီများတည်ဆောက်ထားတဲ့ နေရာမှလွဲ၍ မြို့ရိုးအားလုံးပေါ်မှာ နှစ်ရှည်ရော်ဘာပင်တွေအပြည့် စိုက်ပျိုးထားရှိကြောင်း တွေ့ရှိရပါတယ်။ စိုက်ပျိုးထားတဲ့ ရော်ဘာပင်အားလုံးဟာ အစေးထုတ်လို့ ရနေပါပြီ။ ဝါခရူမြို့ဟောင်းရဲ့မြို့ရိုးမှာ မြေမြို့ရိုးများသာဖြစ်ပြီးတော့မှ ထင်ရှားတဲ့မြို့ဝင်ပေါက်နေရာများကိုတော့ ကနေ့အထိ မတွေ့သေးပါဘူး။ နောက်သုတေသနပြုချက်တွေအရ ရှေ့ဟောင်းစေတီပုထိုး၊ အဆောက်အအုံ၊ အုတ်ကုန်းအုတ်ပျက်များ တွေ့ရှိမှု မရှိပါဘူး။ ရှေ့ဟောင်းသုတေသနဦးစီးဌာနကနေပြီးတော့မှ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှာ နန်ဦးဘုရားအနီး ရှေ့ဟောင်းကုန်းတစ်ကုန်းကို သုတေသနပြုတူးဖော်ခဲ့ရာမှာလည်းပဲ ထူးခြားတဲ့ မြေအောက်ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ တွေ့ရှိခြင်း မရှိသေးပါဘူး။ ဝါခရူမြို့ဟောင်းဟာ ထင်ရှားတဲ့ယဉ်ကျေးမှုအမွေအနှစ်များမှာ မြေမြို့ရိုးနဲ့ ကျုံးနေရာများသာဖြစ်ပါတယ်။ မြေရိုးပေါ်မှာလည်း ခုနက တင်ပြခဲ့သလိုပဲ ရော်ဘာခြံများသာမကဘဲနဲ့ အရှေ့ဘက်မြို့ရိုးပေါ်မှ ရန်စောင့်ကျောင်းအမည်ရှိ ဘုန်းကြီးကျောင်းငယ်တစ်ကျောင်း၊ အနောက်ဘက်မြို့ရိုးပေါ်မှာလည်း ဘုန်းကြီးကျောင်းတစ်ကျောင်း၊ မြောက်ဘက်မြို့ရိုးပေါ်မှာလည်း ဦးစိုးစေတီနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ တောင်ဘက်မြို့ရိုးအနီးမှာလည်းပဲ ရာမညနိကာရာ ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် မြို့ရိုးပေါ်မှာ ကျိုက်မွဲခဏ

စေတီတည်ရှိပြီးတော့မှ ၎င်းစေတီတော်များနှင့် ဘုန်ကြီးကျောင်းများမှာ ခေတ်သစ်လက်ရာ အဆောက်အအုံနှင့် စေတီပုထိုးများသာဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

ဝါခရူမြို့ဟောင်းဟာ ပြည်ထောင်စုအဆင့်မှ အမိန့်ကြော်ငြာစာပြဋ္ဌာန်းပြီးမှ ဇုန်အဖြစ်သတ်မှတ် မည်ဆိုလို့ရှိရင် လက်ရှိပြဋ္ဌာန်းထားတဲ့ ၁၉၉၈ ခုနှစ် ရှေးဟောင်းအမွေအနှစ်များကာကွယ်ထိန်းသိမ်း ရေးဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များကို ဝါခရူကျေးရွာနှင့် အနီးပတ်ဝန်းကျင်မှာ ရှိတဲ့ ရွာသူရွာသားများကို ဦးစွာချပြဆွေးနွေးပြီးတော့မှ ဇုန်ဥပဒေစည်းကမ်းချက်များကို သိရှိလိုက်နာ နိုင်မှသာ တစ်နည်းအားဖြင့်တော့ ကျွန်တော်တို့ ဒေသခံပြည်သူလူထုအား သဘောတူမှသာ ရှေ့ဟောင်းအမွေအနှစ်စာရင်း တင်သွင်းဖို့ကို ဦးစွာမြေယာအသုံးချမှုအတွက် ပြည်ထဲရေးဝန်ကြီးဌာန ကို ဆက်လက်ပေးပို့ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

သံဖြူဇရပ်မြို့မှာ ဝါခရူမြို့ထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့စည်းထားပြီးတော့မှ ၎င်းအဖွဲ့မှ မြို့ဟောင်း ထိန်းသိမ်းရေးနဲ့ ဝါခရူပြတိုက်တည်ဆောက်ရေးအတွက် ဆောင်ရွက်လျက်ရှိတာကိုလည်းပဲ တွေ့ရပါ တယ်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ ဝါခရူပြတိုက်တည်ဆောက်ဖို့အတွက်ကို မွန်ပြည်နယ်အစိုးရနဲ့ ဒေသခံအဖွဲ့များတို့ရဲ့ ဆောင်ရွက်ချက်များအပေါ်မှာ လိုအပ်သည်များ ကူညီပံ့ပိုး ပေးဖို့အတွက်ကို အသင့်ရှိပါတယ်။ သို့ပါ၍ ဝါခရူမြို့ဟောင်းကို ပြည်ထောင်စုအဆင့်ဥပဒေပြဋ္ဌာန်းပြီး တော့မှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းထက် ဒေသခံပြည်သူများမှ သက်ဆိုင်ရာဦးစီးဌာနနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့၏ လမ်းညွှန်မှုကိုခံယူကာ မိမိဒေသရဲ့ယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့ကိုယ်တိုင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်းသည်သာ ပိုမိုကောင်းမွန်မည်ဖြစ်ပါကြောင်း လည်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ဝန်ကြီးကိုလည်း အထူးပဲကျေးဇူးရှိပါတယ်။ ဒါပေမဲ့လို့ ကျွန်တော်တို့မေးတဲ့မေးခွန်းမှာလည်း ပါပါတယ်။ ဘာလဲ ဆိုရင် ဒေသခံတွေကြီးပဲ စိုးရိမ်ကြောင့်ကြမှု၊ အင်မတန်ကြောက်စရာကောင်းတဲ့ ခေတ်ဆိုးကြီးတစ်ခုကို ကျွန်တော်တို့ကျော်ဖြတ်ခဲ့ပါတယ်။ ဘာလဲဆိုရင် ဖအေနေဖူးတောင်ပြောင်နေရင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းထင်ပြီးတော့ ကျူးကျော်ကြတဲ့၊ လုယူကြတဲ့ကိစ္စပါ။ ကျွန်တော်တို့ ဒီဝါခရူမြို့ဟောင်းကြီးဟာ ဘာဖြစ်လို့ အခုလောက်ထိကျန်ခဲ့သလဲလို့ ပြန်လေ့လာကြည့်တော့ အဲဒီကာလက ဒီရွာကနေပြီးတော့မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ထဲဝင်သွားတဲ့ ဗိုလ်ရွှေထုတ်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ အမိန့်ကြောင့် အခု

လောက်ကျန်တာ ကျွန်တော်တို့ တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အခု ကျွန်တော်တို့ခုနကတုန်းက ဝန်ကြီးတင်ပြသလိုပေါ့နော် တိုးလိုက်လို့မြေအောက်ထဲမှာ ဘာမှဟုတ်တိပက်တိမရှိဘူးဆိုတဲ့အပိုင်းလေးကိုတော့ ကျွန်တော် တင်ပြချင်ပါတယ်။ ဘာလဲဆိုရင် မြို့ရိုး၊ ကျုံးစတဲ့ အင်္ဂါရပ်စုံတဲ့ ပန်ကွဲပန်ကူမြို့ဟာ ခြောက်မြို့ပဲရှိတဲ့အပြင်ကို မွန်တိုင်းရင်းသားတို့အတွက် ထိန်းသိမ်းသင့်သောဌာန ကိုးဌာနပဲကျန်ပါတော့တယ်လို့ ကျွန်တော်တင်ပြထားတာ ရှိပါတယ်။ အဲဒီတော့ ဒီမြေကို အမြတ်တနိုးဂုဏ်ယူချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်ထောင်စုသားကောင်းဆိုတဲ့စိတ်ဓာတ်လို့ ဖော်ပြခဲ့တာရှိပါတယ်။ ဘာလဲဆို ရှေးဟောင်းအမွေအနှစ်ဆိုတဲ့ ခေါင်းစဉ်တစ်ခုအောက်မှာ မွန်လဲမရှိတော့ပါဘူး။ ဗမာလဲမရှိပါဘူး။ ကရင်၊ ကချင်၊ ချင်း၊ ရှမ်းဆိုပြီးတော့လည်း မရှိတော့ပါဘူး။ ထိုနည်းလည်းကောင်းပဲအမေရိကန်မရှိတော့ဘူး။ တရုတ်မရှိတော့ဘူး။ လူသားတွေရဲ့သမိုင်း။ လွန်ခဲ့တဲ့နှစ် ၇၃၀ ကျော်ကအလွန်တရာမှ လူသားတွေရဲ့ ဗိသုကာယဉ်ကျေးမှုတွေ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းမေးပါ။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းပါပဲခင်ဗျား။ အဲဒီတော့ ဒါကိုကျွန်တော်ဖြစ်စေချင်တာက အဲဒီခုနကပြောတဲ့ နန်းဦးကျောင်းတွေမှာ အဲဒီသူတို့တူးဖော်ပြီးတော့ ရတာလည်းရှေ့ဟောင်းပစ္စည်းလေးတွေ ထိန်းသိမ်းကြတာရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ သွားပြီးတော့ လေ့လာစေချင်ပါတယ်။ နောက်တစ်ခုက ဒါကိုပေါ့နော်။ အဓိကကျွန်တော်ပြောသွားတဲ့ စိုးရိမ်းစိတ်ဆိုတာကြီးကို ပျောက်အောင် ဒီထက်ပိုခိုင်မာတဲ့စနစ်လေးတစ်ခုနဲ့ ထိန်းသိမ်းပေးဖို့အတွက်ကို တောင်းပန်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။ ဆက်စပ်မေးခွန်းကိုပဲ ဖြေပါ။

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဆက်စပ်မေးခွန်းကို ဆက်လက်ဖြေကြားရမယ်ဆိုလို့ရှိရင် ခုနက တကယ်လို့များ ဒါပြည်ထောင်စုအဆင့်ကထိန်းသိမ်းတဲ့ ရှေ့ဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းကို တင်သွင်းမယ်ဆိုရင် တည်ဆဲ ၉၈ ခု အမွေအနှစ်အခြေခံရေးဥပဒေပါ ပြဋ္ဌာန်းချက်တွေ၊ စည်းကမ်းတွေကို ကျွန်တော်တို့က လူထုကို ချပြမယ်။ ချပြတဲ့အခါမှာ ကန့်သတ်ချက်တွေက ပါလာပါတယ်။ ကန့်သတ်ချက်တွေပါလာတဲ့အခါကျတော့ နောက်ထပ် အိုးအိမ်တွေတိုးချဲ့တည်ဆောက်ခြင်းမပြုရပါဘူး။ နောက်ထပ်မည်သည့် အဆောက်အအုံမှလည်း တိုးချဲ့ခြင်းမပြုရပါဘူး။ နောက်ပြီးတော့လည်း ကျွန်တော်တို့ ခုနကဒီကုန်းတွေကို ထိန်းသိမ်းတဲ့အခါမှာ လယ်ယာစိုက်ပျိုးထွန်ယက်မှုကအစ မြို့ဧရိယာအတွင်းမှာ

ကန့်သတ်တွေဖြစ်လာတဲ့အခါကျတော့ ကျွန်တော်တို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့တဲ့ဟန်လင်းတို့၊ ဗိဿနိုးတို့၊ သရေခေတ္တရာတို့မှာလည်းပဲ ဒေသခံအချို့ရဲ့ ခုနကပေါ့လေ ကန့်ကွက်မှုနဲ့ညီညွတ်မှုတွေကို တွေ့နေရပါတယ်။ ဒီလိုမှန်းသိရင် မသင်ခဲ့ပါဘူးဆိုသလို ရှိလာပါတယ်။ ရှိတော့ ဒါကို ဒီပြည်ထောင်စုအဆင့်ထိန်းသိမ်းဖို့ဆိုရင်တော့ လူထုကို ချပြပါမယ်။ ချပြပြီးတဲ့အခါကျတော့ လူထုလက်ခံမှုပဲ။ နောက်ပြီးတော့ တချို့ကိစ္စတွေမှာတော့ဖြင့် ဒီနေအိမ်တို့၊ ဘာတို့ ရွှေ့ရပြောင်းရတာလည်း ရှိပါတယ်။ ရှိတော့လည်း ခုနက လူထုအကျိုးစီးပွားနဲ့ဆန့်ကျင်ဘက်တွေ ဖြစ်လာတဲ့အခါကျတော့ ခုနက မလိုလားအပ်တဲ့ နိုင်ငံရေးတိုက်ကွက်တွေလည်း ဝင်လာတယ်။ အခုပုဂံမှာလည်း ကျွန်တော်တို့ ကြုံတွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ဒါကိုတော့ သေချာလေ့လာချပြပြီးမှ ပြန်လည် သုံးသပ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ နောက်ပြီးတော့လည်း အခုကိုယ်စားလှယ်တော်ကြီးထပ်မံဆွေးနွေး သလိုပဲ ရှေ့ဟောင်းသုတေသန ပညာရှင်အဖွဲ့တစ်ဖွဲ့ကို ထပ်မံစေလွှတ်ပါမယ်။ စေလွှတ်ပြီးတဲ့အခါမှာ ကျွန်တော်တို့ မွန်ပြည်နယ်နှင့် ဒေသခံအဖွဲ့တွေနဲ့ပူးပေါင်းပြီးတော့မှ တူးဖော်သင့်တဲ့နေရာတွေမှာ နောက်ထပ် သုတေသနတူးဖော်ရေးတွေကို လုပ်ပါမယ်။ အဲဒီတွေ့ရှိမှုပေါ် မူတည်ပြီးတဲ့အခါကျမှ ခုနက ဒါကို ပြည်ထောင်စုအဆင့် ထိန်းသိမ်းတဲ့အမွေအနှစ်စာရင်းမှာ ထည့်သွင်းသင့်၊ မသွင်းသင့်ကို ဆုံးဖြတ်သွားသင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပေးတဲ့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မိုင်းကိုင်မြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ စိုင်းလုံခမ်း၏ လယ်မြေ(၁.၃၈)ဧကနှင့် ပန်ကတ်အနောက်ကွင်းမှ ဦးစိုင်းဆိုင်(ခ)အိုက်စိုင်း၏ လယ်မြေ(၈.၅၆)ဧကတို့အား အမှတ်(၅၁၄)ခြေမြန်တပ်ရင်းမှ သိမ်းဆည်းခဲ့မှု အပေါ် နစ်နာကြေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆိုင်မိုင်း(မိုင်းကိုင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်း ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ အမှတ်(၅၁၄)ခြေမြန်တပ်ရင်းမှ သိမ်းဆည်းထားတဲ့ လယ်ယာမြေနဲ့ပတ်သက်တဲ့ကိစ္စအား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ၂၀-၈-၂၀၁၆ ရက်စွဲဖြင့် မိုင်ကိုင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ဦးစိုင်းလုံမှ ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းရှိ/မရှိနဲ့ မရှိပါက နစ်နာကြေးပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းခဲ့ရာ ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိကြောင်း ရှမ်းပြည်နယ်လွှတ်တော်ရုံးမှတစ်ဆင့် ၂၇-၉-၂၀၁၆ ရက်နေ့တွင် ပြန်ကြားခဲ့ပြီး နစ်နာကြေးကိစ္စအတွက် ကာကွယ်ရေးဝန်ကြီးဌာန၏သဘောထားအား မေးမြန်းသင့်ပါကြောင်း အကြောင်းပြန်ကြားခဲ့ပါတယ်။ အမှတ်(၅၁၄)ခြေမြန်တပ်ရင်းမှ သိမ်းဆည်းထားတဲ့ မိုင်းကိုင်မြို့နယ်၊ မြို့မကျေးရွာအုပ်စု ကွင်းအမှတ် (၁၃၅/က)ဦးစိုင်းလုံခမ်း၏ လယ်မြေ ၁.၃၈ ဧကနှင့် ပန်ကတ်အနောက်ကွင်းမှ ဦးစိုင်းဆိုင်(ခ)အိုက်စိုင်း၏လယ်မြေ ၈.၅၆ ဧက စုစုပေါင်း လယ်မြေ ၉.၉၄ ဧကတို့သည် ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ပိုင်ဆိုင်လုပ်ကိုင်ခဲ့သော ဘိုးဘွားပိုင်လယ်မြေများဖြစ်ကြောင်း ထင်ရှားပါတယ်။ သို့ဖြစ်ပါ၍ သိမ်းဆည်းခံလယ်မြေများအတွက် ပိုင်ဆိုင်လုပ်ကိုင်ခဲ့သော လယ်သမားများ၏နစ်နာမှုများအား ဒေသကာလတန်ဖိုးနှင့်အညီ နစ်နာကြေးအား မည်သို့စီစဉ်ထောက်ပံ့ဆောင်ရွက်ပေးမည်ကို နစ်နာသူလယ်သမားများ၏တင်ပြချက်အရ လယ်သမားများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်းရဲ့ မိုင်းကိုင်မြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ ဦးစိုင်းလုံခမ်း၏ လယ်မြေ ၁.၃၈ ဧကနှင့် ပန်ကတ်အနောက်ကွင်းမှ ဦးစိုင်းဆိုင်(ခ)အိုက်စိုင်း၏ လယ်မြေ ၈.၅၆ ဧကတို့အား အမှတ် ၅၁၄ ခြေမြန်တပ်ရင်းမှ သိမ်းဆည်းခဲ့မှုအပေါ် ၎င်းတို့ပိုင်ဆိုင်လုပ်ကိုင်ခဲ့သော သိမ်းဆည်းခံလယ်မြေများအတွက် နစ်နာကြေးအား မည်ကဲ့သို့စီစဉ်ထောက်ပံ့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ လယ်မြေ ၉.၉၄ ဧကဟာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၂/ ၁၃/ အခ(၄)ဖြင့် မြေပေးမိန့်ရရှိခဲ့ပြီးဖြစ်တဲ့ အမှတ်(၅၁၄)ခြေမြန်တပ်ရင်းရဲ့ တပ်ပိုင်မြေဧရိယာအတွင်းမှာ ပါဝင်ခြင်းမရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သံတွဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာသားများထံမှ ၂၀၀၀ ပြည့်နှစ်က သိမ်းယူခဲ့သည့် အိမ်ရာမြေနှင့် ဥယျာဉ်မြေ ၃၅.၅၃ ဧကအတွက် ခေတ်ကာလနှင့်လျော်ညီသော နစ်နာကြေးပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီမြို့၊ ဇီးဖြူကုန်းဒေသခံများထံမှ ဥယျာဉ်မြေသိမ်းယူခဲ့ခြင်းနဲ့ နစ်နာကြေးများပေးနိုင်/မပေးနိုင်နဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ လိုအပ်တဲ့နေရာမှာ Power Point အနေနဲ့တင်ပြလိုပါတယ်။ ခွင့်ပြုပေးပါရန် တောင်းခံအပ်ပါတယ်။ Power Point တင်ပေးပါ။ ဒါကတော့ မေးလိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ဇီးဖြူကုန်းကျေးရွာနေ မိသားစု ၆၆ ဦးထံက ကျေးရွာမြေ ၃၅.၅၃ ဧကကို သံတွဲမြို့ ခ.လ.ရ (၅၅)အတွက် အသုံးပြုဖို့ဆိုပြီးတော့ ၂၀၀၀ ပြည့်နှစ် ဇူလိုင်လအတွင်းက သိမ်းယူခဲ့ပါတယ်။ မြေတစ်ဧကအတွက် လျော်ကြေး တစ်သိန်းပေးပါတယ်။ မကျေနပ်ကြတဲ့အတွက်ကြောင့် ယူတဲ့လူရှိသလို မယူတဲ့လူတွေလည်းရှိပါတယ်။ ဒီမြေကိစ္စကို ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်သက်တမ်းအတွင်းမှာလည်း စုံစမ်းစစ်ဆေးမှုတွေ၊ အစီရင်ခံစာတင်သွင်းမှုတွေ ရှိခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးအနေနဲ့ ဒီဒေသကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ဒါပေမဲ့ အဖြေမထွက်ခဲ့ပါဘူး။ နစ်နာသူတွေက ဌာနဆိုင်ရာတွေ၊ အဖွဲ့အစည်းတွေကို အမြဲလိုလို တင်ပြတိုင်တန်းပြောဆိုနေကြတာ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၃-၅-၂၀၁၆ ရက်နေ့မှာ ဇီးဖြူကုန်းကျေးရွာက မြေသိမ်းခံရတဲ့ ဦးကျော်မြင့်ပါ ၁၄ ဦးက ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီကို တိုင်စာတစ်ဆောင်ပေးခဲ့ပါတယ်။ Power Point ပြောင်းပေးပါ။ Power Point မှာတင်ပြထားတာကတော့ ဦးကျော်မြင့်ပါ ၁၄ ဦးက ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီကိုတင်ပြတဲ့စာ ဖြစ်ပါတယ်။ ဒီစာမိတ္တူတစ်ဆောင်ကို ကျွန်တော့်ကိုပေးပြီးတော့ အကူအညီတောင်းမေးခွန်းမေးဖို့ ပြောခဲ့တဲ့အတွက်ကြောင့် ကျွန်တော်မေးခွန်းတွေ တင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီ Power Point မှာတင်ပြထားတာကတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းအတွင်းက ပြည်ထောင်စုလွှတ်တော်ကော်မရှင်က အစီရင်ခံစာအပိုင်း(၄)၊ အနီရောင်နဲ့

ဖော်ပြထားတာကတော့ ကျွန်တော်တို့ သံတွဲမြို့နယ်မှာ အခု အခင်းဖြစ်တဲ့ မြေ ၃၅.၅၃ ဧကကို ခ.လ.ရ (၅၅)တပ်မြေအဖြစ် အကြောင်းပြသိမ်းဆည်းခဲ့သော်လည်း စုံစမ်းစစ်ဆေးတဲ့အချိန်မှာ ဟိုတယ်လုပ်ငန်း ရှင်များကို လွှဲပြောင်းထားခြင်း၊ ရည်ရွယ်ချက်အတိုင်းအသုံးမပြုဘဲ ဟိုတယ်များဆောက်လုပ်နေတာ ကို တွေ့ရှိရကြောင်း၊ ရည်ရွယ်ချက်အတိုင်း အသုံးမပြုပေမဲ့လည်း ပိုင်ရှင်များကို ပြန်လည်ပေးနိုင်တဲ့ အခြေအနေမရှိတော့တာကြောင့် ခေတ်ကာလနဲ့လျော်ညီတဲ့ လျော်ကြေး၊ နစ်နာကြေးတွေကို ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ဟိုတယ်ဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းစီစဉ်ပေးသင့်တယ်ဆိုတဲ့ အကြံပြု ချက်ဖြစ်ပါတယ်။ Power Point ပြောင်းပေးပါ။ ဒါကတော့ ဒီနေ့ ဖော်ပြပါမြေ ၃၅.၅၃ ဧကပေါ်မှာ ဆောက်လုပ်ထားတဲ့ ဟိုတယ်ကြီးတွေအနက် တချို့ဖြစ်ပါတယ်။ ဒါ ဟိုတယ်နှစ်လုံး။ ဒါလည်း အဲဒီမြေပေါ်မှာဆောက်လုပ်ထားတဲ့ ဟိုတယ်ကြီးတွေ ဖြစ်ပါတယ်။ မြင်ရတဲ့အတိုင်း ဟိုတယ်ကြီးတွေ ကို တပ်မတော်တပ်ထောက်ဌာနနဲ့ ဟိုတယ်လုပ်ငန်းရှင်များ ငှားရမ်းပြုလုပ်ပြီးတော့ ဆောက်လုပ်ထား တဲ့ဟိုတယ်ကြီးတွေဖြစ်ပါတယ်။ Power Point ရပ်လို့ရပါပြီ။ ဒါကြောင့် ဒေသခံမြေပိုင်ရှင်များ နစ်နာဆုံးရှုံးမှုမရှိအောင် နိုင်ငံတော်အစိုးရက ဘယ်လိုအစီအစဉ်များချမှတ်ပြီး ကူညီပေးနိုင်မလဲဆိုပြီး ဒီမေးခွန်းတွေကို မေးရခြင်းဖြစ်ပါတယ်။ မေးခွန်းတွေကတော့ စာစောက Power Point မှာတင်ပြ ထားတဲ့အတိုင်း မေးခွန်းတစ်ခုဖြစ်ပါတယ်။ ဒီထိုက်သင့်တဲ့လျော်ကြေးတွေကို ဘယ်လိုကူညီဖြေရှင်းပေး မလဲဆိုတဲ့ အဓိကမေးလိုခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ မြေနေရာဟာ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာ၊ ကွင်းအမှတ်(၂၀၁၊ ၂၀၂)ကွမ်းခြံကွင်းရှိ မြေ ၃၅.၅၃ ဧကဖြစ်ပြီး တပ်ပိုင်မြေအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၀၀ ပြည့် နှစ်၊ ဩဂုတ်လ(၉) ရက်စွဲပါ စာအမှတ်၊ ၂၀၀/၂-၄/ဦး ၁ ဖြင့် မြေဧရိယာ ၃၀.၆၅ ဧကအား လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ(၉)ရက်စွဲပါ စာအမှတ်၊ ၂၀၀/၂-၅/ဦး ၁ ဖြင့် မြေဧရိယာ ၄.၈၈ ဧကအားလည်းကောင်း မြေပေးအမိန့်များ အသီးသီးရရှိခဲ့ပြီး ဖြစ်ပါတယ်။ မြေသိမ်းဆည်းခဲ့စဉ်

က ဦးပိုင်ပေါက်တောင်သူများအတွက် မြေလျော်ကြေးငွေများနှင့် ကွင်းအမှတ်(၂၀၁)ရှိမြေ ၈.၄၅ ဧက မှာ ၆၀ x ၄၀ ပေ အိမ်ခြံမြေကွက်များအား အစားထိုးချမှတ်ပေးခဲ့သော်လည်း တောင်သူ ၃၇ ဦးတို့မှ လျော်ကြေးငွေနှင့် နေအိမ်ခြံမြေကွက်များကို ထုတ်ယူခဲ့ပြီး ကျန်တောင်သူ ၂၉ ဦးတို့အနေဖြင့် ထုတ်ယူခြင်းမရှိသဖြင့် အဆိုပါလျော်ကြေးငွေများအား မြန်မာ့စီးပွားရေးဘဏ်သို့ ပြန်လည်အပ်နှံပေးခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါမြေ ၃၅.၅၃ ဧကအား ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကုန်သွယ်မှုမူဝါဒကောင်စီရဲ့(၂၅/၂၇) ကြိမ်မြောက် အစည်းအဝေးမှ အောက်ဖော်ပြပါကုမ္ပဏီများသို့ ဟိုတယ်လုပ်ငန်းများဆောင်ရွက်ရန် မြေနေရာငှားရမ်းခွင့်ပြုပေးခဲ့ပြီး ငှားရမ်းခရရှိငွေများကို နိုင်ငံတော်ဘဏ္ဍာသို့ ၂၀၀၇ ခုနှစ်မှစတင်၍ ပေးသွင်းလျက်ရှိပါတယ်။ မင်းဇာနည်ကုမ္ပဏီ မြေ ၆.၆၁ ဧက၊ ဇေင်အုပ်စုကုမ္ပဏီ မြေ ၆.၆၁ ဧက၊ ဖော်ကျွန်းကုမ္ပဏီ မြေ ၅.၆၅ ဧက၊ မိုင်နာမြန်မာကုမ္ပဏီ မြေ ၁၁.၃၀ ဧက၊ အမေးဇင်းကုမ္ပဏီ မေ ၄.၄၃ ဧက၊ ကုမ္ပဏီကြားရှိလမ်းမြေ ၀.၅၅ ဧက၊ အများပြည်သူ အသုံးပြုရန်ချန်ထားမြေ ၀.၃၈ ဧက၊ မြေစုစုပေါင်း ၃၅.၅၃ ဧကဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းပါမြေ ၃၅.၅၃ ဧကအား သိမ်းဆည်းခဲ့ရာမှာ ဦးပိုင်ပေါက်တောင်သူများအတွက် လျော်ကြေးငွေများနှင့် အစားထိုးမြေကွက်များ ပြန်လည်ပေးအပ်ခဲ့သော်လည်း တောင်သူ ၃၇ ဦးသာ ထုတ်ယူခဲ့ပြီး ကျန်တောင်သူ ၂၉ ဦးမှာ လာရောက်ထုတ်ယူခဲ့ခြင်းမရှိသည့်အပြင် နိုင်ငံတော်ဘဏ္ဍာအဖြစ် ပြန်လည်ပေးသွင်းခဲ့သည်မှာ ၁၀ နှစ်ခန့်ကြာမြင့်ပြီ ဖြစ်ခြင်းကြောင့် လျော်ကြေးငွေများကို ထပ်မံလျော်ပေးရန် အစီအစဉ်မရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးချင်လို့ပါ။ ကျွန်တော်တို့ ဝန်ကြီးဌာနကဖြေတဲ့အဖြေမှာ လျော်ကြေးငွေးပေးဖို့မရှိဘူးဆိုတာနဲ့လည်း မလုံလောက်ဘူးလို့ထင်ပါတယ်။ ကျွန်တော်တို့ အဲဒီအချိန်က ပေးခဲ့တဲ့လျော်ကြေးက တစ်သိန်း၊ မယူတဲ့လူတွေက မကျေနပ်လို့မယူ၊ ယူတဲ့လူတွေကလည်း အကြောင်းကြောင်းကြောင့်ယူ၊ ခေတ်ကာလ ပြောင်းလဲလာတဲ့အခါ ပြောင်းလဲတဲ့အလျောက် ဒီငွေတွေ ပေးသင့်တယ်ဆိုတဲ့မေးခွန်းမေးတာပါ။ ကျွန်တော်တို့ အရင်လွှတ်တော်တုန်းက ကာကွယ်ရေးဝန်ကြီးဌာနက ကျွန်တော်တို့ကို ဖြေတဲ့အဖြေရှိပါတယ်။ တစ်ဧကကို ငှားတာက အမေရိကန်ဒေါ်လာ ၂၅၀၀၊ မြန်မာငွေ တစ်နှစ်သိန်း ၅၀ အဲဒီလိုရတယ်။ အဲဒီတော့ ဒါတွေကို ဒေသခံတွေက ခေတ်ကာလနဲ့လျော်ညီတဲ့ လျော်ကြေးတွေ လိုချင်ကြတဲ့

အတွက်ကြောင့် ဒီဟာကို ညှိနှိုင်းပေး/မပေးဆိုတဲ့မေးခွန်းကို မေးပါတယ်။ အခုတော့ မပေးဘူးလို့ သိရပြီ။ အဲဒီတော့ ဒီငှားရမ်းခအတွက် နိုင်ငံတော်ကိုပေးတယ်ဆိုတော့ နှစ်စဉ်ဘယ်လောက်ရလို့ နိုင်ငံတော်ကို ဘယ်လောက်ပေးသွင်းတယ်ဆိုတာလည်း တစ်ဆက်တစ်စပ်တည်း အကုန်လုံးသိခွင့်ရအောင် ဖြေပေးစေချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးခွန်းပါ မြေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ကတော့ ဒီလျော်ကြေးငွေနဲ့ပတ်သက်ပြီးတော့ ယခင်ကာလက ကျွန်တော်တို့ ဒီ ၂၀၀၇ ခုနှစ်ကာလမှာဖြစ်ပေါ်လာတဲ့ ကာလအခြေအနေအလျောက် အလျော်ကြေးငွေများကို သက်ဆိုင်ရာတာဝန်ရှိသူများက စဉ်းစားဆုံးဖြတ်ပြီးတော့ ပေးရခြင်းဖြစ်ပါတယ်။ အဲဒီမှာ လျော်ကြေးငွေလက်ခံသူရှိသလို လက်မခံသူများရှိတဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ဒီငွေတွေကို လက်ခံတဲ့သူတွေကို မြေနဲ့ငွေပေးပြီးတော့ လက်မခံတဲ့သူတွေကိုကျတော့ နိုင်ငံတော်ဘဏ္ဍာအဖြစ် ဒါ နိုင်ငံတော်ကိုလည်း ပြန်လည်ပေးသွင်းတဲ့အခါမှာ ၁၀ နှစ်ခန့်ကြာပြီဖြစ်တဲ့အတွက်ကြောင့် ဒီကာလလျော်ကြေးတွေနဲ့ ပြန်လည်ပေးဖို့ကတော့ မဖြစ်နိုင်တဲ့အကြောင်း ကျွန်တော် ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတော့ ဒီနယ်မြေအခြေအနေနဲ့ပတ်သက်ကြည့်မယ်ဆိုလည်း ကျွန်တော်တို့ ဒီဟိုတယ်လုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့တပ်အနေနဲ့ တပ်ပိုင်မှာအသုံးမပြုတဲ့နေရာမှာ ဒီမြေငှားရမ်းခတွေကို စနစ်တကျ ကာကွယ်ရေးဌာနရဲ့ ကုန်သွယ်မှုမူဝါဒကောင်စီမှာ တင်ပြပြီး ငှားရမ်းပြီးတော့ နိုင်ငံတော်ဘဏ္ဍာကို နှစ်စဉ်ပေးသွင်းလျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ နိုင်ငံတော်ဘဏ္ဍာကိုပေးသွင်းတာနဲ့ပတ်သက်လို့လည် နိုင်ငံတော်မှာ နှစ်စဉ် ကျွန်တော်တို့တပ်မတော်ဟာ ဘဏ္ဍာငွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ မြေငှားရမ်းခရတဲ့ဟာတွေအားလုံးကို နိုင်ငံတော်ဘဏ္ဍာကိုပဲ ပေးသွင်းတာဖြစ်ပါတယ်။ ကျွန်တော်တို့ သုံးလို့ရတဲ့ဘတ်ဂျက်ကိုတော့ နိုင်ငံတော်က ခွင့်ပြုတဲ့အတိုင်းပဲ ပြန်လည်သုံးစွဲတာရှိပါတယ်။ နိုင်ငံတော်ရဲ့ ရသုံးတဲ့ ငွေစာရင်းတွေနဲ့ပတ်သက်လို့တော့ နှစ်စဉ် နိုင်ငံတော်အဆင့်ဆင့်ကို ကျွန်တော်တို့ Figure နဲ့ အချက်အလက်နဲ့အတူတင်ပြပြီးဖြစ်တဲ့အတွက်ကြောင့် ဒီနေရာမှာတော့ ဘယ်ကုမ္ပဏီက ဘယ်လောက်ရတယ်ဆိုတာတော့ မရှိပါဘူး။ ကျွန်တော်တို့ နိုင်ငံတော်အဆင့်ကို တင်ပြပြီးဖြစ်တဲ့အတွက်ကြောင့် ၂၀၀၇ ခုနှစ်ကစပြီးတော့ စနစ်တကျ ကျွန်တော်တို့ ငှားရမ်းခငွေများကို တပ်မတော်ကနေပြီးတော့

အရငွေစာရင်းနဲ့အတူ နိုင်ငံတော်ကို နှစ်စဉ်တင်ပြလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြစ်ကြီးနား-နမ္မတီး- တနိုင်း-နန်းယွန်း-ပန်ဆောင်လမ်း(ဒေသအခေါ် လီဒိုလမ်း)ပေါ်ရှိ ဖားကန့်မြို့နယ်၊ ဒွန်ဘန်ကျေးရွာအခြေစိုက် တပ်မတော်တပ်ရင်းက ဆန်၊ စက်သုံးဆီအမျိုးမျိုးတို့ကို ပိတ်ပင်တားဆီး နေမှုများအား အမြန်ဆုံးဖယ်ရှားပေးနိုင်ပါရန်နှင့် ဆန်၊ စက်သုံးဆီအမျိုးမျိုးတို့ကို လွတ်လပ်စွာ သယ်ယူခွင့်ပြုနိုင်ပါရန်နှင့် ဆန်၊ စက်သုံးဆီအမျိုးမျိုးတို့ကို လွတ်လပ်စွာ သယ်ယူခွင့်ပြုနိုင်ပါရန် မေတ္တာရပ်ခံတင်ပြစာနှင့်ပတ်သက်၍ မည်ကဲ့သို့ သဘောထားရှိကြောင်း သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလင်းလင်းဦး(တနိုင်းမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလင်းလင်းဦး ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ လွှတ်တော်ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်နဲ့ မေးခွန်းတစ်ခုကို မေးမြန်းသွားပါမယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ၁၂-၁-၂၀၁၇ ရက်နေ့မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကျွန်တော်မေတ္တာရပ်ခံစာပေးပို့ထားပါတယ်။ အဲဒီစာနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာကို ကျွန်တော် မေးမြန်းချင်ပါတယ်။ ကျွန်တော့်ရဲ့စာကတော့ ၁၂-၁-၂၀၁၇ မှာ ရေးခဲ့တာပါ။ ဒီစာကိုလည်း ကျွန်တော့်မေးခွန်းနှင့်အတူ ပူးတွဲပေးပို့ထားပါတယ်။ အဲဒီစာပါ အကြောင်းအရာကတော့ မြစ်ကြီးနား-နမ္မတီး-တနိုင်း-နန်းယွန်း-ပန်ဆောင်လမ်း(ဒေသအခေါ် လီဒို လမ်း)ပေါ်ရှိ ဖားကန့်မြို့နယ်၊ ဒွန်ဘန်ကျေးရွာအခြေစိုက် တပ်မတော်တပ်ရင်းက ဆန်၊ စက်သုံးဆီအမျိုးမျိုး တို့ကို ပိတ်ပင်တားဆီးနေမှုများအား အမြန်ဆုံးဖယ်ရှားပေးနိုင်ပါရန်နှင့် ဆန်၊ စက်သုံးဆီအမျိုးမျိုး တို့ကို ယခင်အချိန်ကာလကဲ့သို့ လွတ်လပ်စွာသယ်ယူခွင့်ပြုနိုင်ပါရန် တိုင်းရင်းသားပြည်သူများ ကိုယ်စား မေတ္တာရပ်ခံတင်ပြခြင်းကိစ္စဖြစ်ပါတယ်။ အဲဒီမှာ ပိတ်သွားတယ်ဆိုတာ ကျွန်တော့်ရဲ့သိရှိ ချက်အရဆိုရင် ၂၀၁၆ ခုနှစ် ဧပြီလလောက်ကစပြီးမှ ကျွန်တော်တို့ တနိုင်းနယ်နဲ့နန်းယွန်းဘက်ကို သွားတဲ့ဆန်တွေကို တပ်မတော်ပိုင်းအနေနဲ့စိစစ်လာတာကိုသိရပါတယ်။ နိုဝင်ဘာလမှာကတော့ ဖားကန့်မြို့နယ်မှာရှိတဲ့ တပ်မတော်တပ်ရင်းကနေ၊ ခလရ(၂၉၈)ကအနေနဲ့ လုံးဝကန့်သတ်ပိတ်ပင် တားဆီးလိုက်တယ်။ ခွင့်ပြုချက်လုပ်ပေးမှပဲ သယ်ယူခိုင်းတဲ့အနေအထားဖြစ်ပါတယ်။ အဲဒီလို ပိတ်ပင် တားဆီးလိုက်တဲ့အနေအထားနဲ့ဆိုရင် ဒီအချိန်နဲ့ဆိုရင် ကျွန်တော်တို့ ခုနှစ်လကျော်လောက် ရှိနေပါပြီ။

အဲဒီအချိန်ကျတော့ ကျွန်တော်တို့ ဒီတနိုင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ နန်းယွန်းမြို့နယ်က ပြည်သူတွေဟာ ဒုက္ခရောက်ပါတယ်။ ကျွန်တော်တို့ဘက်တွေက လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုအားနည်းတဲ့ဒေသတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အတွက်၊ ကျွန်တော်တို့ဒေသမြို့နယ်နှစ်ခုအတွက်၊ စားဝတ်နေရေးအတွက် ဆန်တွေဟာသိပ်အရေးကြီးပါတယ်။ နောက် ဒါပြီးလို့ရှိရင် စက်သုံးဆီကိစ္စလေးတွေလည်း ကျွန်တော်တို့ပြဿနာဖြစ်ပါတယ်။ အဲဒါအပြင် ပြည်နယ်အစိုးရရဲ့ရန်ပုံငွေနဲ့ဆောင်ရွက်တဲ့လုပ်ငန်းတွေ၊ ပြည်ထောင်စုအစိုးရရဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းတွေကလည်း ကျွန်တော်တို့က အဆင်မပြေပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီစာကို ရေးခဲ့ပါတယ်။ ဒီစာကိုမရေးခင် ကျွန်တော် ၁ လပိုင်း ၂ ရက်နေ့မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ပြည်နယ်ဝန်ကြီးချုပ်နှင့်သော်လည်းကောင်း၊ လုံနယ်ဝန်ကြီးနှင့်သော်လည်းကောင်း ကျွန်တော် တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ပေါင်းစပ်ညှိနှိုင်းခဲ့ပါတယ်။ ပေါင်းစပ်ညှိနှိုင်းတဲ့အချိန်မှာ သူတို့ကပြောပါတယ်။ ဒီကိစ္စရပ်မှာ ပြည်နယ်အုပ်ချုပ်ရေးကို ဆောင်ရွက်နေတဲ့ ကချင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ချက်မရှိဘူး။ သဘောတူညီချက်လည်း မရှိထားပါဘူး။ ဒါကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အနေနဲ့ ဆောင်ရွက်နေပါတယ်လို့ ပြောပါတယ်။ သူတို့အနေနဲ့လည်း ဒါကို သဘောတူညီချက်ပေးထားခြင်းမရှိပါဘူး။ ကျွန်တော်တို့ တနိုင်းမြို့နယ်ရဲ့ အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက ကချင်ပြည်နယ်လွှတ်တော်မှာ ၂၉-၃-၂၀၁၇ ရက်နေ့မှာ၊ ပြီးခဲ့တဲ့ရက်မှာ အရေးကြီးအဆိုကို တင်ခဲ့ပါတယ်။ အဲဒီအရေးကြီးအဆိုကတော့ တနိုင်းမြို့နယ်သို့ စက်သုံးဆီကုန်တင်ကားများ၊ ဆန်ကုန်တင်ကားများ လွတ်လပ်စွာသယ်ယူရောင်းချ ခွင့်ပြုပါရန် အရေးကြီးအဆိုတင်သွင်းခွင့်ပြုရာမှာ ကချင်ပြည်နယ်လွှတ်တော်က ဒီအဆိုကို အတည်ပြုပေးထားပါတယ်။ အတည်ပြုပေးထားသော်ငြားလည်းပဲ ကချင်ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှုမရှိပါဘူး။ ဘာကြောင့်မို့လဲဆိုတော့ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်ချက်မဟုတ်လို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အထက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကချင်ပြည်နယ်၊ တနိုင်း

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးရဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ တနိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၃/၂-၆/ဦး(၁)ဖြင့် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တွက်ချက်တင်ပြချက်အရ တနိုင်းမြို့နယ်၊ နန်းယွန်းမြို့နယ်နှင့် ရှင်ဗွေယန်မြို့နယ်ခွဲတို့မှာရှိတဲ့ ဒေသခံလူဦးရေ ၆၂၇၇၅ ဦးအတွက် တစ်လလျှင် ဆန်လိုအပ်ချက်က ၂၉၄၂၆ အိတ်နှင့် စက်သုံးဆီလိုအပ်ချက် ၇၂၇၁ ပီပါ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ထို့အတွက်ကြောင့် ဆန်နှင့် စက်သုံးဆီဝင်ရောက်မှုအခြေအနေများကို စိစစ်ကြပ်မတ်ခဲ့တဲ့နေရာ မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှာ ဆန် ၄၈၈၈ အိတ်နှင့် စက်သုံးဆီ ၈၆၉၀ ပီပါအားလည်းကောင်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ စက်သုံးဆီ ၅၈၈၂ ပီပါအားလည်းကောင်း ဒေသလိုအပ်ချက်ထက်ပိုမိုတင်သွင်းခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

တနိုင်းမြို့နယ်၊ နန်းယွန်းမြို့နယ်နှင့် ရှင်ဗွေယန်မြို့နယ်ခွဲတို့မှာ တရားဝင် လုပ်ပိုင်ခွင့်ရ ရွှေသတ္တုတူးဖော်ရန် သတ်မှတ်ပေးထားသော လုပ်ကွက်နေရာများဟာ အစိုးရရဲ့ထိန်းချုပ်ကွပ်ကဲမှု အားနည်းသော KIO/KIA (ကချင်)အဖွဲ့ရဲ့ ထိန်းချုပ်မှုနေရာများတွင်သာ တည်ရှိပြီး ရွှေ့ပြောင်း အလုပ်သမားအများအပြား ဝင်ရောက်လုပ်ကိုင်လျက်ရှိခြင်း၊ တရားမဝင်စက်ယန္တရားကြီးများ၊ အခိုင်အမာဆောက်လုပ်ထားသော ခွင့်ပြုချက်မရှိတဲ့ ရွှေဖောင်များဖြင့် ရွှေ/ပယင်းတူးဖော်ခြင်းကို ဆောင်ရွက်လျက်ရှိခြင်း၊ နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက်နေထိုင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် အထက်ပါပိုမိုတင်သွင်းခဲ့သော ဆန်နှင့်စက်သုံးဆီများမှာ KIO/KIA(ကချင်)အဖွဲ့ရဲ့ထိန်းချုပ်မှုရှိသည့်နေရာများသို့ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လျက်ရှိကြောင်း ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် မှ ဩဂုတ်လ ၁၆ ရက်နေ့အထိ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့ဟာ တပ်မတော်စစ်ကြောင်းများမှ လုံခြုံရေးလိုက်ပါလျက် မြေပြင်ကွင်းဆင်းဖမ်းဆီးမှုများ ဆောင်ရွက်ခဲ့တဲ့နေရာမှာ တရားမဝင်နိုင်ငံခြားသား ၁၆ ဦး၊ ဘတ်ဟိုးယာဉ် ၁၇ စီး၊ သယ်ပို့ယာဉ်(Transporter) သုံးစီး၊ ၁၀ ဘီးယာဉ်ခြောက်စီးနှင့် ရွှေဖောင် ၁၃ ခုတို့အား သိမ်းဆည်းရမိခဲ့ပါတယ်။

အဆိုပါဖမ်းဆီးရမိနိုင်ငံခြားသားများကို စစ်ဆေးခဲ့ရာမှာ KIO/KIA(ကချင်)အဖွဲ့အနေဖြင့် ၎င်းရွှေ/ပယင်းမှော်များအတွင်းသို့ ဝင်ရောက်လာသော ဆန်တစ်အိတ်လျှင် ၄၀၀၀ ကျပ်ဖြင့် လစဉ်ကျပ်သိန်း ၁၄၀ ခန့်၊ စက်သုံးဆီတစ်ပီပါလျှင် ၅၀၀၀ ကျပ်ဖြင့် လစဉ် ကျပ်သိန်း ၄၀၀ ခန့်၊ အလုပ်သမား တစ်ဦးလျှင် လစဉ်မှော်အတွင်းဝင်ကြေး ၃၀၀၀၀ ကျပ်ဖြင့် ပယင်းလုပ်ကွက်တစ်ခုလျှင်

လစဉ်ကျပ်ရှစ်သိန်းခန့်၊ ရွှေဖောင်တစ်ခုလျှင် လစဉ် ကျပ်သိန်း ၅၀ ခန့်၊ ယန္တရားကြီးတစ်စီးလျှင် ကျပ်သိန်း ၂၀ ခန့်နှင့် စတိုးဆိုင်/ဈေးဆိုင်/စားသောက်ဆိုင်များမှ လစဉ်ကျပ်သိန်း ၁၈၀ ခန့်တို့ကို ဆက်ကြေးအဖြစ် ကောက်ခံခဲ့သည့်အတွက် KIO/KIA(ကချင်)အဖွဲ့သည် တစ်နှစ်လျှင်ဆက်ကြေးငွေ ကျပ်သိန်းပေါင်း ၂၀၀၀၀ ခန့်ရရှိလျက်ရှိသည်ကို စိစစ်တွေ့ရှိခဲ့ရပါတယ်။ အဆိုပါတရားမဝင် ရွှေနှင့် ပယင်းတူးဖော် လုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် ကချင်ပြည်နယ်၊ တနိုင်းဒေသရဲ့ သဘာဝပတ်ဝန်း ကျင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင် ရွှေနှင့်ပယင်းတူးဖော်မှုများကြောင့် တနိုင်းဒေသ(ဟူးကောင်း ချိုင့်ဝှမ်း)ရဲ့ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ ယိုယွင်းပျက်စီးနေမှုများကို ဆက်လက်တင်ပြသွား မှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၀၄ ခုနှစ်မှာ တနိုင်းမြို့နယ်အတွင်းရှိ ဧရိယာ ၂၄၆၀ စတုရန်းမိုင်ကို ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် စတင်သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ အဆိုပါဘေးမဲ့တောကို ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်း စောင့်ရှောက်ရေးအမွေအနှစ်အဖြစ် သတ်မှတ်ရန် အမည်စာရင်းတင်သွင်းမှုကို ယူနက်စကိုတို့က ခွင့်ပြုခဲ့ပါတယ်။ သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီမှုရှိ/မရှိကို ပညာရှင်များ ကွင်းဆင်းလေ့လာကာ ယူနက်စကိုက အကဲဖြတ်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ယခုကဲ့သို့ ယူနက်စကို အသိအမှတ်ပြုရန် ကြိုးပမ်းဆောင်ရွက်နေသည့် တနိုင်း (ဟူးကောင်းချိုင့်ဝှမ်း) ဒေသနယ်မြေအတွင်းမှာ တရားမဝင် ရွှေနှင့်ပယင်းများ တူးဖော်ခြင်းကို စက်ယန္တရားများ အသုံးပြုနေခြင်း၊ တရားမဝင် နိုင်ငံခြားသားများ ဝင်ရောက်လုပ်ကိုင်နေခြင်း၊ နိုင်ငံအတွင်းမှ ရွှေ့ပြောင်းလုပ်သားများ ဝင်ရောက်လုပ်ကိုင်နေခြင်းများကြောင့် ၎င်းဒေသရဲ့ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များဟာ များစွာချို့ယွင်းပျက်စီးနေပြီဖြစ်ပါတယ်။ ယခုကဲ့သို့ စက်ယန္တရားများအသုံးပြုကာ တရားမဝင် သတ္တုတူးဖော်ခြင်း၊ လူအများအပြား ဝင်ရောက်နေထိုင်ခြင်းကြောင့် ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေဖြစ်သော တနိုင်း(ဟူးကောင်းချိုင့်ဝှမ်း)ဒေသ သဘာဝဘေးမဲ့တောအတွင်း မှာရှိတဲ့ ရှားပါးတိရစ္ဆာန်များဖြစ်တဲ့ ကျား၊ ဆင်နှင့် မျောက်လွှဲကျော် အပါအဝင် အခြားတိရစ္ဆာန်များ ဟာလည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် လူတို့၏အန္တရာယ်ကြောင့် မျိုးသုဉ်းပျောက်ကွယ်တော့ မယ့်အခြေအနေမှာ ရောက်ရှိနေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မြတ်နိုးသူနှင့် တိရစ္ဆာန်ချစ်မြတ်နိုးသူ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ

အဖွဲ့အစည်းများအနေဖြင့် တနိုင်း(ဟူးကောင်းချိုင့်ဝှမ်း)ဒေသရဲ့ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ မပျက်စီးစေရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးတို့တွင် တပ်မတော်နှင့်အတူတကွ လက်တွဲကာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာတင်ပြခဲ့တဲ့ အခြေအနေတွေဟာ နိုင်ငံတော်ရဲ့ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုထက် KIO/KIA (ကချင်)အဖွဲ့အတွက် ဆက်ကြေးငွေ အမြောက်အများ ရရှိစေခဲ့ခြင်းတို့ကြောင့် ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ အသိပေးအကြောင်းကြားကာ တနိုင်းမြို့နယ်၊ နန်းယွန်းမြို့နယ်နှင့် ရှင်ဗွေယန်မြို့နယ်ခွဲများသို့ ဒေသလိုအပ်ချက်ထက် ပိုမိုတင်သွင်းလျက်ရှိသော ဆန်နှင့်စက်သုံးဆီများကို ဒွန်ဘန်ကျေးရွာမှတစ်ဆင့် စိစစ်တားဆီးထိန်းချုပ်မှုကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်စပ်လျဉ်း၍ တနိုင်းမြို့နယ်၊ နန်းယွန်းမြို့နယ်နှင့် ရှင်ဗွေယန်မြို့နယ်ခွဲများသို့ ဝင်ရောက်မည့်ကုန်ပစ္စည်းများအား ကန့်သတ်ပိတ်ပင်တားဆီးမှု မရှိပါကြောင်း၊ ဆန်နှင့် စက်သုံးဆီများကိုလည်း တနိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ထွက်ချက်တင်ပြချက်နှင့်အညီ တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူလူထု လိုအပ်ချက်ထက် ပိုမိုတင်သွင်းလာသည့် ဆန်နှင့်စက်သုံးဆီများကိုလည်း တရားမဝင် ဝင်ရောက်လုပ်ကိုင်သူများထံ နည်းမျိုးစုံဖြင့် ရောက်ရှိမှုမရှိစေရေး ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ အသိပေးအကြောင်းကြားကာ နယ်မြေလုံခြုံရေးအရ စိစစ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်းနှင့် တနိုင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ထွက်ချက်တင်ပြမှုနှင့်အညီ တင်သွင်းလျက်ရှိခြင်းတို့ကြောင့် ကုန်ပစ္စည်းရှားပါးခြင်း၊ ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်မားလာခြင်း၊ ပြည်သူတို့၏ စားဝတ်နေရေးကြပ်တည်းမှုများ ဖြစ်ပေါ်လာနိုင်ခြင်း စသည့်ကိစ္စရပ်များ ပေါ်ပေါက်လာနိုင်မှုမရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးလင်းလင်းဦး(တနိုင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲ့ဖြေကြားချက်နှင့်ပတ်သက်ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄(ဃ) အရ ရှင်းရှင်းလင်းလင်းသိနိုင်ဖို့ တစ်ဆက်တစ်စပ်တည်းမေးခွင့်ပြုပါခင်ဗျား။ ခုနက ကျွန်တော်တို့ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်မှာက ကျွန်တော်တို့ကို ခွဲတမ်းစနစ်နဲ့ပေါ့နော်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့စနစ်နဲ့ ထွက်ချက်မှုနဲ့ တင်ပို့ခိုင်းတယ်လို့ပြောပါတယ်။ ဟုတ်ကဲ့ပါ။ ကျွန်တော်

တို့ ၅ လပိုင်းအတွက်တောင်မှ အခုအချိန်ထိ ကျွန်တော်တို့တနိုင်းမြို့နယ်က မရသေးပါဘူး။ ဒါကြောင့် မို့လို့ ဆန်စျေးနှုန်းတွေအနေနဲ့ တော်တော်လေးအခက်အခဲဖြစ်နေပါတယ်။ နောက်ပြီး တစ်ချက် ရှိတာက၊ ခုနက ဒုတိယဝန်ကြီးတင်ပြသွားတဲ့ KIO/KIA နယ်မြေမှာရှိတဲ့ ပယင်းမှော်၊ ရွှေမှော်တွေ ဆိုတာက လီဒိုလမ်းမကြီးပေါ်မှာမရှိပါဘူး။ ကျွန်တော်တို့ဒေသအခေါ် လီဒိုလမ်းမကြီးရဲ့ မိုင် ၃၀ မှာရှိ ပါတယ်။ အဲဒီဘက်ကိုသွားတဲ့လမ်းမှာလည်း တပ်မတော်ရဲ့တပ်စခန်းတွေရှိပါတယ်။ ကျွန်တော်တို့ လီဒိုလမ်းမကြီးအနေနဲ့ ပိတ်စရာကိုမလိုပါဘူး။ ဒီတပ်စခန်းကြားလမ်းကနေ ပိတ်လိုက် ရင်ရတဲ့အနေအထားရှိပါတယ်။ သို့သော်ငြားလည်းပဲ ဒီလမ်းမကြီးကိုပိတ်လိုက်တဲ့အချိန်ကျတော့ ကျွန်တော်တို့ရဲ့ တနိုင်းမြို့နယ်တစ်ခုလုံး၊ နန်းယွန်းမြို့နယ်တစ်ခုလုံးဟာ အကုန်လုံးက အခက်အခဲ တွေဖြစ်သွားရပါတယ်။ အဲဒီတစ်ချက်ကို ကျွန်တော်တင်ပြချင်ပါတယ်။ ကျွန်တော် တစ်ဆက်တစ်စပ် တည်းပြန်မေးချင်တာက အခုကျွန်တော်ရဲ့စာက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ရေးထားတဲ့စာ ပါ။ ဒါဟာတပ်ပိုင်းဆိုင်ရာကိစ္စဖြစ်တဲ့အတွက်ကြောင့် တပ်ပိုင်းကိုရေးထားတာပါ။ အခုဒုတိယဝန်ကြီး ဖြေသွားတဲ့ဖြေကြားချက်တွေဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့သဘောထားလား။ နောက်တစ်ချက် ကျွန်တော်မေးခွန်းတစ်ခုပြန်မေးချင်ပါတယ်။ ဒီလို လီဒိုလမ်းမကြီးပေါ်မှာ ဆန်၊ ဆီကန့်သတ်တာကို ယခုပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်တစ်စုံတစ်ရာပါရှိထားပါသလား။ အကယ်၍ မပါရှိထား ဘူးဆိုလို့ရှိရင် ဒီဆန်၊ဆီပိတ်တဲ့ကိစ္စရပ်ကို နဲနဲလေးစဉ်းစဉ်းစားစားဆောင်ရွက်ပေးဖို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေတ္တာရပ်ခံတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ကိုယ်စားလှယ်တော်ကြီး မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနှင့် ပတ်သက်လို့လည်း ကျွန်တော်တို့တပ်မတော်အနေနဲ့လည်း ကိုယ်စားလှယ်တော်ကြီးမေးတဲ့မေးခွန်းကို ဒီလိုပြန်လည်ဖြေကြားခွင့်ရတဲ့အတွက်ကြောင့် လက်ရှိတနိုင်းဒေသမှာ ဖြစ်နေတဲ့အခြေအနေတွေ၊ နောက်တစ်ခါ KIO ကချင်တွေရဲ့ဒီပေါ်မှာ ဆောင်ရွက်မှုအခြေအနေတွေကို တပ်မတော်အနေနဲ့ ပြန်လည်ပြီးတော့ ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် များစွာကျေးဇူးတင်ဝမ်းမြောက်မိကြောင်း ပြောလိုပါ တယ်။ ကိုယ်စားလှယ်တော်ကြီးမေးတဲ့စာနဲ့ပတ်သက်ပြီးတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အနေနဲ့ အဆင့်ဆင့်စိစစ်ပြီးတော့မှ အောက်ခြေကို စိစစ်ခိုင်းပြီးမှသာ ပြန်လည်ဖြေကြားခြင်းဖြစ်တဲ့ အတွက်ကြောင့် သက်ဆိုင်ရာတိုင်းမှူးရဲ့စိစစ်ကြပ်မတ်မှုပေါ်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

ကနေပြီးတော့ စိစစ်ပြီးတော့မှ ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားခြင်းဖြစ်ပါတယ်။ ဒေသအာဏာပိုင်တွေနဲ့ ဆောင်ရွက်မှုရှိတာမို့ တပ်မတော်အနေနဲ့ ဒီမှာရှိတဲ့ ကုန်စည်စီးဆင်းမှုကို တားဆီးပိတ်ပင်ခြင်း မရှိပါဘူး။ ကျွန်တော်တို့ဆောင်ရွက်နေတာနဲ့ပတ်သက်ပြီးတော့ ကချင်ပြည်နယ်အစိုးရအဖွဲ့နဲ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့လည်း အမြဲမပြတ်ထိတွေ့ပြီးတော့ ဆက်ဆံမှုတွေရှိပါတယ်။ ကျွန်တော် ဒီမှာ ကိုယ်စားလှယ်တော်ကြီးမေးခွန်းကို မဖြေခင်မှာလည်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှူးနဲ့လည်း ကျွန်တော်ဆက်သွယ်ဆောင်ရွက်မေးမြန်းခဲ့ရာလည်း သူတို့ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော်အကြမ်းဖျင်းတင်ပြပါမယ်။ ဒီဒေသမှာ တနိုင်းဒေသက ရွှေ၊ ပယင်းမှော်ဒေသမှ လုပ်ကွက်မှာ တရားမဝင်ဆောင်ရွက်မှုမရှိဖို့အတွက်ကို ပုဒ်မ ၁၄၄ ထုတ်ပြန်နိုင်ရေးတို့ကိုလည်း ၁၉ ရက် ၅ လမှာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နဲ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညီညီဆွေတို့အား ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးရုံးဧည့်ခန်းမှာ တွေ့ဆုံဆွေးနွေးပြီးတော့ နယ်မြေထိန်းသိမ်းရေးအတွက်ကို ပူးပေါင်းဆောင်ရွက်တာရှိပါတယ်။ တပ်မတော်အနေနဲ့ ဒေသအာဏာပိုင်တွေ စိုးမိုးမှုမရှိတဲ့၊ ထိန်းချုပ်မှုမရှိတဲ့နေရာမှာ ဝင်ရောက်ဆောင်ရွက်ခွင့်ရှိပါတယ်။ လုပ်ကိုင်တဲ့နေရာမှာလည်း ဒေသအစိုးရအဖွဲ့တွေရဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ လိုအပ်ချက်တွေ ဒါတွေပေါ်ဆက်စပ်ပြီးတော့မှပဲ ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ တားဆီးပိတ်ပင်ခွင့်လည်းမရှိပါဘူး။ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့ရဲ့ ဆောင်ရွက်ချက်ကိုသာ ကျွန်တော်တို့ကနေပြီးတော့ ကူညီဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အစိုးရရဲ့ကွပ်ကဲထိန်းချုပ်မှုအားနည်းတဲ့၊ ထိရောက်စွာကြပ်မတ်စစ်ဆေးနိုင်မှုမရှိတဲ့ KIO/KIA(ကချင်) သောင်းကျန်းသူနယ်တွေမှာ ကျွန်တော်တို့ မတရားစီးပွားရှာတာတို့၊ နောက်တစ်ခါ တစ်ဖက်သောင်းကျန်း သူအဖွဲ့တွေကို ပံ့ပိုးတာတွေမဖြစ်အောင်၊ ဒေသတွေရဲ့စားနပ်ရိက္ခာဖူလုံမှုရှိအောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ နယ်မြေဒေသအခြေအနေကို ကျွန်တော်တို့စုံစမ်းခြင်းကလည်း ဒါက ကျွန်တော်တို့ ခုနက တွက်ချက်ပေးတဲ့ စာရင်းဇယားတွေဟာဆိုရင် သက်ဆိုင်ရာတနိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒါတွေက တစ်ဆင့်တက်လာတဲ့ Figure တွေပဲဖြစ်ပါတယ်။ ဒီ Figure တွေဟာ၊ တင်ပြချက်တွေဟာဆိုရင် သက်ဆိုင်ရာဇန်းမော်တို့၊ တနိုင်းတို့ နယ်မြေမှာရှိတဲ့ ဒေသထွက်တဲ့ဆန်စပါးတွေရဲ့ Data မပါသေးပါဘူး။ သက်ဆိုင်ရာဒေသခံနယ်မြေမှာ ရှိတဲ့လူတွေအတွက်ဆိုရင်တော့ နယ်မြေအခြေအနေမှာ စုံစမ်းစစ်ဆေးခြင်းဟာ ဒေသခံဆန်တွေပါ ထည့်တွက်လို့ရှိရင်တော့ ဖူလုံမှုရှိကြောင်း သိရှိရပါတယ်။ နောက်ဆုံးအခြေအနေအရမှာဆိုရင်လည်း အခုလက်ရှိအခြေအနေမှာ ကျွန်တော်တို့ စစ်ဆင်ရေးရယ်၊

မူကြမ်း

တားဆီးသတ်မှတ်ချက်တွေကြောင့် ပယင်း နဲ့ရွှေမှော်ကိစ္စတွေမှာ ပတ်သက်ချက်၊ တားမြစ်ချက်ကြောင့် ရွှေ့ပြောင်းအလုပ်သမားများလည်း သွားတာရှိပါတယ်။ ဒါကို ကျွန်တော်တို့ ဝင်ရောက်စစ်ဆေးဖမ်းစီး ခဲ့တဲ့အတွက်ကြောင့်လည်း ဒီဟာနဲ့ ပတ်သက်ပြီးတော့ အခုလောလောဆယ်မှာ အင်အားတွေနည်းသွား တယ်လို့သိရပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့နဲ့ပူးပေါင်းဆောင်ရွက်ခြင်းရှိ/မရှိ ဆိုတဲ့ဟာနဲ့ပတ်သက် ပြီးတော့၊ ကျွန်တော်တို့ ထပ်မံဖြည့်စွက်ပြီးတော့ ဖြေကြားလိုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကိုယ်စားလှယ်တော်ကြီးကတော့ ကချင်ပြည်နယ်အစိုးရအဖွဲ့နဲ့ အလုပ်အတူလုပ်သလား၊ မလုပ် သလားဆိုတဲ့ဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဖြည့်စွက်ဖြေကြားရမယ်ဆိုရင်တော့ ၅-၆-၂၀၁၇ မကြာခင်မှာပဲ တပ်မတော်ရဟတ်ယာဉ်မှာ တိုင်းမှူး၊ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင့် တနိုင်း မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းတို့လိုက်လံပြီးတော့၊ စစ်ဆေးပြီးတော့ နယ်မြေအခြေအနေကို စစ်ဆေးကြည့်ရှုခဲ့ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒေသအစိုးရအဖွဲ့နဲ့တပ်မတော်ကတာဝန်ရှိတဲ့ တိုင်းစစ်ဌာနချုပ်တိုင်းမှူးရဲ့ ဆောင်ရွက်ခြင်းဖြစ်ပါ တယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတဲ့ ကိုယ်စားလှယ်တော်များကို တင်ပြတဲ့ပုံတွေ ဟာဆိုရင်လည်းပဲ မကြာသေးခင်မှာရရှိခဲ့တဲ့ပုံတွေဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဒေသနယ်မြေလုံခြုံရေးနဲ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စကိုဦးစားပေးမလား။ လက်ရှိအထောက်အပံ့ စုံနေတဲ့၊ ကျွန်တော်တို့ရဲ့အားပေးနေတဲ့ဟာတွေကို ဘယ်လိုတားဆီးမလဲ။ ကျွန်တော်တို့ကတော့ တားဆီးပိတ်ပင်ခြင်းမရှိပါဘူး။ ဒေသဆန်ဖူလုံရေးအတွက်ကို အမြဲဦးစားပေးပြီးတော့ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာဖြေရှင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံကိန်းအကောင်အထည်မဖော်နိုင်သော မြေများအား ပြန်လည်သိမ်းဆည်းကာ နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးအတွက် ခိုင်မာတိကျသော မူဝါဒရေးဆွဲ အကောင်အထည်ဖော်ရန်နှင့် ကျေးရွာသစ်များနှင့် ရပ်ကွက်သစ်များဖော်ထုတ်၍ နေရာချထားပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နေပြည်တော်စည်ပင်သာယာရေးကော်မတီထံမှ ဝယ်ယူထားပြီး အကောင်အထည်ဖော်တည်ဆောက်လုပ်ကိုင်နေထိုင်ခြင်းမရှိသော မြို့မြေကွက်များနှင့် စီမံကိန်း မြေကွက်များအား ပြန်လည်သိမ်းဆည်း၍ နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးအတွက် ခိုင်မာတိကျသော မူဝါဒရေးဆွဲအကောင်အထည်ဖော်ရန်နှင့် ဒေသခံပြည်သူများရဲ့ ကျန်းမာရေး၊ လူမှုရေးနှင့် လူနေမှုဘဝ များမြှင့်တင်ပေးနိုင်ရန်အတွက် ကျေးရွာသစ်များနှင့် ရပ်ကွက်သစ်များဖော်ထုတ်၍ နေရာချထားပေး ရန်အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်စည်ပင်သာယာကော်မတီမှ ပုဂ္ဂလိကသို့ မြေကွက်များနှင့် စီမံကိန်းမြေကွက်များဇကပေါင်းများစွာကို ရောင်းချထားပါတယ်။ အဆိုပါ မြေကွက် များထဲမှ အချို့သော ဟိုတယ်ဇုန်စီမံကိန်းမြေများ၊ စက်မှုဇုန်စီမံကိန်းမြေများ၊ စီးပွားရေးဆိုင်ရာ စီမံကိန်းမြေများ၊ ရုံးခန်းများဖွင့်လှစ်စီမံခန့်ခွဲရေးဆိုင်ရာစီမံကိန်းမြေများ၊ အဆင့်မြင့်အိမ်ရာစီမံကိန်း မြေများ၊ ပညာရေးဆိုင်ရာစီမံကိန်းမြေများ၊ အရပ်ဘက်အသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီဆိုင်ရာ စီမံကိန်းမြေများ၊ ကျောက်မျက်ဈေးစီမံကိန်းမြေများ၊ ကျောက်မျက်ဂိုဒေါင်စီမံကိန်းမြေများ၊ အရောင်း ပြခန်းနှင့် ဈေးဆိုင်ခန်းစီမံကိန်းမြေများ၊ စားသောက်ဆိုင်အသေးစားဈေး၊ အားကစားရုံ၊ ကိုယ်ပိုင် စက်ရုံစသည့်စီမံကိန်းမြေများနှင့် လူနေထိုင်ရန် မြို့ကွက်မြေများမှာ အကောင်အထည်ဖော်မှုမရှိဘဲ မြေကွက်လပ်များအဖြစ်သာရှိနေပါတယ်။ နိုင်ငံတော်မှ အဆိုပါစီမံကိန်းများအတွက် အခြေခံ အဆောက်အအုံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးထားသော်လည်း စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်မှုမရှိတဲ့အတွက် ရသင့်သောအခွန်ဘဏ္ဍာများမရရှိခြင်းနှင့် မြေသိမ်းဆည်းခံ ဒေသခံပြည်သူတို့ရဲ့ အလုပ်အကိုင်အခွင့်အလမ်းများလည်း ဆုံးရှုံးနေပါတယ်။ နေပြည်တော်စည်ပင်

သာယာရေးကော်မတီကိုယ်တိုင် စီမံကိန်းအကောင်အထည်မဖော်နိုင်တဲ့ မြေကွက်များလည်းရှိနေပါတယ်။ နေပြည်တော်မြို့သစ်စီမံကိန်းကြောင့် ဒေသခံပြည်သူတို့ နေထိုင်ရာ အချို့ကျေးရွာများပြောင်းရွှေ့ခံရခြင်းနှင့် စိုက်ပျိုးမြေအမြောက်အမြားသိမ်းဆည်းခံရခြင်းများဖြစ်ပေါ်ခဲ့ပြီး ကျေးရွာရွှေ့ပြောင်းခံရသူများကိုသာ အစားထိုးမြေကွက်များပြန်လည်ချထားပေးခဲ့ပါတယ်။ ဒေသခံပြည်သူတို့ရဲ့တိုးပွားလာတဲ့ လူဦးရေ၊ မြေသိမ်းဆည်းခံရခြင်းကြောင့် ကျေးရွာမြေတိုးချဲ့ရန်ခက်ခဲခြင်း၊ မြေတန်ဖိုးများကြီးမြင့်ခြင်း၊ လူကြီးလူရွယ်များနှင့် ကျောင်းသားလူငယ်များ ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်နိုင်ရန်နှင့် ပျော်ပွဲရွှင်ပွဲနှင့်အခမ်းအနားများဆောင်ရွက်နိုင်ရန် ဘောလုံးကွင်းနှင့် အများပိုင်မြေနေရာများမရှိခြင်း စသည်တို့ကြောင့် ဒေသခံပြည်သူများရဲ့ ကျန်းမာရေး၊ လူမှုရေးနှင့် လူနေမှုဘဝများမြင့်တင်ပေးနိုင်ရန်အတွက် ဘောလုံးကွင်းနှင့် အများပိုင်မြေနေရာများပါဝင်သော ရပ်ကွက်အသစ်များဖော်ထုတ်၍ နေရာချထားပေးရန်လိုအပ်နေပါတယ်။ စားကျက်မြေများမရှိခြင်းကြောင့် ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများလည်း ထိခိုက်နေပါတယ်။ သိမ်းဆည်းမြေများနှင့်ပတ်သက်၍ တစ်ဧကလျှင် တစ်သိန်း၊ နှစ်သိန်း၊ နှစ်သိန်းခွဲ၊ သုံးသိန်းခွဲနှုန်းဖြင့် ထောက်ပံ့ကြေးရခဲ့ကြသော ဒေသခံတောင်သူများမှ နိုင်ငံတော်မှ တစ်စုံတစ်ရာထပ်မံထောက်ပံ့ပေးရန် မျှော်လင့်နေခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီကိုယ်တိုင် စီမံကိန်းအကောင်အထည်မဖော်နိုင်သည့် မြေကွက်များနှင့် အကောင်အထည်ဖော်နိုင်တည်ဆောက်လုပ်ကိုင်နေထိုင်ခြင်းမရှိသော မြို့မြေကွက်များ၊ စီမံကိန်းမြေကွက်များအား ပြန်လည်စိစစ်၍ စီမံကိန်းအကောင်အထည်မဖော်နိုင်သောမြေများအား ပြန်လည်သိမ်းဆည်းကာ နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးအတွက် ခိုင်မာတိကျသော မူဝါဒရေးဆွဲအကောင်အထည်ဖော်ရန်အစီအစဉ်ရှိ/မရှိ။ (ခ) ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် လူနေမှုဘဝများမြင့်တင်ပေးနိုင်ရန်အတွက် ကျေးရွာအသစ်များနှင့် ရပ်ကွက်အသစ်များဖော်ထုတ်၍ နေရာချထားပေးရန်အစီအစဉ်ရှိ/မရှိတို့ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မြင့်ထွန်း(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း

ဖြစ်ပါတယ်။ ဒက္ခိဏသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းရဲ့မေးမြန်းချက်များကို ကျွန်တော်ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက ပထမပုဂ္ဂလိကလုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းတွေ၊ အသင်းအဖွဲ့တွေ၊ လူနေမြေကွက်တွေ၊ ဟိုတယ်ဇုန်မြေကွက်တွေ၊ ကျောက်မျက်ရတနာအရောင်းအဝယ်ဈေးမြေကွက်တွေ၊ အသေးစားနှင့်အလတ်စားစက်မှုဇုန်မြေကွက်တွေ နောက်စားသောက်ဆိုင်မြေကွက်တွေ၊ အဆင့်မြှင့်မြေကွက်များစသည်ဖြင့် ဖော်ထုတ်အသုံးပြုခွင့်ပြုပြီးတော့ ငွေပေးသွင်းစေကာ မြေကွက်များချထားပေးခဲ့ပါတယ်။ ဖော်ထုတ်ခြင်းမရှိသေးတဲ့ မြေကွက်တွေကိုလည်း ကျွန်တော်တို့ အနာဂတ်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နေပြည်တော်စည်ပင်သာယာရေးဥပဒေနှင့်အညီ အရန်မြေများအဖြစ်သတ်မှတ်ထားရှိပြီးတော့ ဝန်ထမ်းအိမ်ရာများ လိုအပ်ချက်များဖြည့်ဆည်းပေးဖို့ရာ ဌာနဆိုင်ရာများ၊ မြေနေရာလိုအပ်ချက်များတောင်းခံလာပါက စိစစ်ချထားပေးခဲ့ပါတယ်။ အခု ကျွန်တော်တို့ စည်ပင်သာယာရေးကော်မတီကနေ ၂၀၁၇-၂၀၁၈ မှာ ဝန်ထမ်းအိမ်ရာ ၄၃ လုံးဆောက်ထားဖို့ရာအတွက် ၁၆ ဘီလီယံခန့်အသုံးပြုပြီးတော့ ဆောက်ထားမှာဖြစ်ပါတယ်။

အဲဒီလိုပဲ နိုင်ငံ့အငြိမ်းစားဝန်ထမ်းများအတွက် အိမ်ရာများကိုလည်း ဆက်လက်ပြီးတော့ဆောင်ရွက်ဖို့ရာ အကောင်အထည်ဖော်နေတဲ့အစီအစဉ်တွေရှိပါတယ်။ အဲဒီလိုပဲ နိုင်ငံ့အိမ်ရာအငှားအိမ်ရာ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာများလည်း ဆက်လက်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အဲဒီတော့နိုင်ငံ့ဝန်ထမ်းအိမ်ရာတွေအတွက် နှစ်စဉ် ကျပ်ငွေ ၁၅ ဘီလီယံခန့်သုံးပြီးတော့ စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ဖို့ရာအတွက် လိုအပ်တဲ့မြေနေရာတွေကိုလည်းပဲ စည်ပင်သာယာရေး ကော်မတီရဲ့ အရန်မြေထဲကနေပြီးတော့ ချထားပေးနေတာဖြစ်ပါတယ်။ နောက် နေပြည်တော်ကို ကျွန်တော်တို့ကစည်ပင်သာယာရေးကော်မတီအနေနဲ့ နေပြည်တော်အပါ အားလုံးခံစားနိုင်မယ့် မြို့တော်အဖြစ်ပြည်သူ၊ အစိုးရ၊ ပုဂ္ဂလိကများပါဝင်ပြီးတော့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုမှာ ပူးပေါင်းပါဝင် အကောင်အထည်ဖော်နိုင်ဖို့ရာဆိုပြီးတော့ မြို့ပြစီမံကိန်းတွေရေးဆွဲပါတယ်။ ရေးဆွဲရေးဦးစီးကော်မတီ၊ မြို့ပြစီမံကိန်းရေးဆွဲရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေပါတယ်။ အဲဒီစီမံကိန်းများဟာ ၂၀၄၀ ခုနှစ်အထိ ရည်မှန်းပြီးတော့ အောက်ပါအချက်များကိုအခြေခံပြီး ရေးဆွဲလျက်ရှိကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

(က) ကတော့ သဘာဝပတ်ဝန်းကျင်နဲ့လိုက်လျောညီထွေစွာ ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့်မြို့တော်အဖြစ်ဖော်ထုတ်ရန် Environmentally Sutainable City ပါ။ နောက်စိမ်းလန်းစိုပြေ၍ မြို့ပြ

အင်္ဂါရပ်များပြည့်စုံစွာ စနစ်တကျဖြည်းဆည်းပေးတဲ့ နေချင်စဖွယ်မြို့ပြကြီးအဖြစ်ဖော်ထုတ်ရန် Green and Livable City ပါ။ နောက်တစ်ခါ အဆင့်မြင့်ပညာများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးသင်ကြားနိုင်သည့်အခွင့်အလမ်းများ၊ နိုင်ငံတကာအဆင့်မီပညာရေးအဆောက်အဦများ တည်ရှိရာ ဗဟိုချက်အဖြစ် ဖြည့်ဆည်းဖော်ထုတ်ရန် Centre of Knowledge Hub။ နောက်တစ်ခါ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ခရီးသည်ပို့ဆောင်ရေးသာမကဘဲနဲ့ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် လေကြောင်း အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများပါ တိုးချဲ့လုပ်ကိုင်စေပြီးတော့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံများနှင့်ချိတ်ဆက်ပေးနိုင်သည့် ဗဟိုလေကြောင်းသယ်ယူမှုဆိုင်ရာ မြို့တော်အဖြစ်ဖော်ထုတ်ရန် International Aviation Transit, Cargo and Logistics Hub နောက် ရာသီဥတုပြောင်းလဲမှု ဒဏ်ခံနိုင်ရည်အားဖြည့်ဆည်းထားတဲ့ မြို့တော်အဖြစ်ဖော်ထုတ်ရန် Climate Change Resilient City ဆိုပြီးတော့ အဲဒီအခြေခံမူတွေအပေါ်မှာမူတည်ပြီးတော့ နေပြည်တော်ကိုတည်ဆောက်ဖို့ရာအတွက် ကျွန်တော်တို့ စီမံကိန်းတွေရေးဆွဲဆောင်ရွက်နေတယ် ဆိုတဲ့အကြောင်း လေးစားစွာ ပထမတင်ပြအပ်ပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ ဒေသခံပြည်သူများရဲ့ ကျန်းမာရေး၊ လူမှုရေး၊ လူနေမှုဘဝမြင့်တင်နိုင်ရေးနှင့် လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့ရာဆိုတဲ့ကိစ္စကို ကျွန်တော်တို့ တင်ပြရရင် အခုတင်ပြပြီးခဲ့တဲ့ ဝန်ထမ်းအိမ်ရာစီမံကိန်းများဟာလည်း ရပ်ကွက်သစ်များဖြစ်ပြီးတော့ နဂို ကျွန်တော်တို့ ပါဝင်သင့်ပါဝင်ထိုက်တဲ့ ကိုယ်စားလှယ်ကြီးအလိုရှိတဲ့ ကိစ္စရပ်မျိုးတွေလည်း ပါဝင်လာမှာဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အဲဒီလိုပဲ ပြည်သူလူထုနှင့်တွေ့ဆုံပြီးတော့ ပြည်သူလူထုတင်ပြချက်တွေကို အရေးယူဆောင်ရွက်လျက်ရှိပြီးတော့ ဥတ္တရသီရိခရိုင်မှာဆိုလို့ရှိရင် ပုဗ္ဗသီရိမြို့နယ်မှာ ကျည်ထောင်ကန်ရပ်ကွက်ခြောက်ခု၊ တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်နှင့် ဘုရင်နောင်တိုးချဲ့ရပ်ကွက်တွေ၊ ဒက္ခိဏခရိုင်မှာဆိုလို့ရှိရင် ပျဉ်းမနားမြို့နယ်မှာ ဥယျာဉ်စုရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ ရွာကောက်ရပ်ကွက်၊ လယ်ဝေးမြို့နယ်မှာဆိုရင် အမှတ်(၆)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက် စသည်ဖြင့် ရပ်ကွက်များလည်း တိုးချဲ့ဖွဲ့စည်းထားပြီးတော့ မြို့ပြဖွံ့ဖြိုးမှုနှင့်အညီ စီမံခန့်ခွဲမှုများကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိကျေးရွာများအနေနဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ ကျန်းမာရေးနှင့် ပညာရေး၊ လူနေမှုဘဝမြင့်တင်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိနေတဲ့အပြင် ပြည်သူလူထုအတွက် လိုအပ်တဲ့အိမ်ရာ၊ လိုအပ်ချက်များဖြည့်ဆည်းနိုင်ဖို့ရာအတွက်ဆိုလို့ရှိရင်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသဖြင့် အခုအခြေအနေမှာတော့ ကျေးရွာသစ်၊ ရပ်ကွက်သစ်များဖော်ထုတ်ချထားပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ နေပြည်တော်မှာ စီမံကိန်းမြေတွေ၊ ပုဂ္ဂလိကကိုချထားပေးတာနဲ့ပတ်သက်ပြီးတဲ့အခါကျတော့ မြေကမြေကွက်လပ်တွေအတိုင်းပဲရှိနေပါတယ်။ ပါမစ်မြေ၊ မြေငှားစာချုပ်စတာတွေနဲ့ ပေးထားတာဖြစ်ပြီးတော့ မြေပြင်အခြေအနေမှာ မြေတန်ဖိုးပေးသွင်းပြီး မြေကွက်လပ် သို့မဟုတ် ခြံစည်းရိုးကာရံထားကာလကန့်သတ်ချက်မရှိ။ ဒီလိုမျိုးတွေနဲ့ ကျွန်တော်တို့က နှစ် ၄၀ အထိ စောင့်ပြီးတော့မှ ဒေသခံတွေက မြေအသိမ်းခံရပြီးတော့မှ နှစ် ၄၀ အထိစောင့် ဘာအလုပ်အကိုင်မှ အခွင့်အလမ်းတိုးပွားမှုတွေလည်း ဖန်တီးပေးမှုမရှိဘူးဆိုရင် ဒီဒေသခံတွေရဲ့လူမှုဘဝတွေက ပိုပိုပြီးတော့ ဒုက္ခဆင်းရဲကိုကြုံတွေ့လာရတာဖြစ်နေပါတယ်။ ဒါကြောင့် အဓိကက အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးနိုင်ဖို့အတွက် ဒီစီမံကိန်းတွေအမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင် နေပြည်တော်ကောင်စီအနေနဲ့မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုကြောင်း ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအောင်မြင်ထွန်း(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ စီမံကိန်းတွေအနေနဲ့ပတ်သက်ပြီးသိမ်းဆည်းတာကတော့ ကျွန်တော်တို့ နေပြည်တော်ကောင်စီမှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီတစ်ခုတည်းမဟုတ်ပါဘူး။ ဝန်ကြီးဌာနပေါင်းစုံက တော်တော်များများ စီမံကိန်းတွေသိမ်းဆည်းထားတာရှိနေပါတယ်။ အဲဒါကိုတော့ ကျွန်တော်တို့က ဝန်ခံပါတယ်။ အခု ကျွန်တော်တို့တင်ပြတာကတော့ နေပြည်တော်စည်ပင်သာယာရေးကော်မတီကသိမ်းဆည်းထားတဲ့ မြေများနှင့်ပတ်သက်ပြီး လုပ်ကိုင်ဆောင်ရွက်မယ့်အခွင့်အလမ်းနှင့် ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေကို ၂၀၄၀ ခုနှစ်အထိအောင် စီမံကိန်းရေးဆွဲပြီးတော့ ဆောင်ရွက်နေပါတယ်ဆိုတဲ့အကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် လေးစားစွာတင်ပြခြင်းဖြစ်ပါတယ်။ တခြားဌာနတွေက သိမ်းဆည်းထားတဲ့မြေနေရာတွေနဲ့ပတ်သက်လို့ကတော့ တခြားဌာနတွေနဲ့ဆွေးနွေးပြီးမှသာ သူတို့စွန့်လွှတ်မယ်၊ မစွန့်လွှတ်ဘူး။ သူတို့ဘာဆက်လုပ်မယ်၊ မလုပ်ဘူးဆိုတာကို သိရှိနိုင်မှသာလျှင်၊ ဌာနတစ်ခုချင်း

အလိုက် သိရှိနိုင်မှသာလျှင် ကျွန်တော်တို့အနေနဲ့ ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခါ မြေသိမ်းထားတဲ့ကိစ္စတွေကလည်း ၂၀၀၃ ခုနှစ်ကတည်းက စပြီးတော့ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေအရ သိမ်းဆည်းထားတာတွေရှိသလို၊ Land acquisition အရ သိမ်းဆည်းထားတာတွေလည်း ရှိပါတယ်။ အဲဒီလိုပဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေတွေအရ သိမ်းထားတာတွေရှိပါတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က အုပ်ချုပ်ရေးအဖွဲ့တွေ ကနေပြီးတော့ သင့်တင့်မျှတတဲ့လျော်ကြေးနဲ့ တစ်ခါ သူတို့အတွက် မြေကွက်တွေချထားပေးတယ် ဆိုတဲ့အခြေအနေမျိုးတွေလည်း ရှိတော့ရှိနေပါတယ်။ သို့သော်လည်း ဆက်လက်ပြီးတော့ ဒုတိယ သမ္မတ(၂)ဦးဆောင်တဲ့အဖွဲ့ကိုတင်ပြပြီးတော့မှ ဆက်လက်ဆောင်ရွက်ရမယ့်ကိစ္စပေါင်းလည်း ရှိနေပါ တယ်ဆိုတဲ့အကြောင်း လေးစားစွာတင်ပြဖြေဆိုအပ်ပါတယ်ခင်ဗျား။

**သားသတ်လုပ်ငန်းလိုင်စင်များနှင့် သားငါးရောင်းချခွင့်လိုင်စင်များသည် ဒေသတစ်ခုအတွက် လိုင်စင်တစ်ခုသာ ခွင့်ပြုသောကြောင့် လေလံရရှိသူက လက်ဝါးကြီးအုပ်ကာ အသားဈေးကွက်အား ချုပ်ကိုင်လွှမ်းမိုးခွင့်ရရှိနေပါသဖြင့် သားငါးဈေးနှုန်းကျဆင်းရေးအတွက် လေလံကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ပေးမည့်အစီအမံများအား သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအစိုးရက နှစ်စဉ် လေလံပစ်ပြီးတော့ ရောင်းချနေတဲ့လေလံများကြောင့် သားငါးဈေးနှုန်းကြီးမြင့်နေတဲ့ကိစ္စနှင့်ပတ်သက် ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီကျွန်တော်တို့ မြန်မာနိုင်ငံမှာ သားငါးထုတ်လုပ်သူတွေ၊ နွားမွေးတဲ့သူတွေ၊ ဝက်မွေးတဲ့သူတွေ၊ ကြက်မွေးတဲ့သူတွေဟာ သူတို့ရဲ့ထုတ်လုပ်ထားတဲ့ပစ္စည်းတွေကို ဈေးကွက်ထဲကို တိုက်ရိုက်တင်ပို့ခွင့်မရှိပါဘူး။ အစိုးရဆီမှာ သားငါးသတ်တဲ့လိုင်စင်၊ ပြန်လည် ရောင်းချဖို့လိုင်စင်များကို နှစ်စဉ်ရတဲ့သူများကသာ အဲဒီတိရစ္ဆာန်တွေကိုသတ်ပြီးတော့ ပြန်လည် ရောင်းချခွင့်ပြုပါတယ်။ အဲဒီတော့ မူလရည်ရွယ်ချက်ကတော့ ကောင်းပါတယ်။ ဒီသားငါးတွေက ပိုးကောင်တွေ၊ ကူးစက်ရောဂါတွေပါမှာစိုးလို့ ဒီဟာတွေကိုစစ်ဆေးပြီးတော့ အဲဒီကနေခွင့်ပြုချက် ရတဲ့သူက ဒီသားငါးတွေကိုရောင်းချခွင့်ရပါတယ်။ သို့သော်လည်း လက်တွေ့ဖြစ်နေတာကကျတော့ သားငါးရောင်းချခွင့်ရရှိထားတဲ့ပုဂ္ဂိုလ်များက အသားငါးဈေးနှုန်းတွေကို အရမ်းတင်ပြီးတော့ ပြည်သူ

တွေကိုရောင်းချတဲ့အခါမှာ ပြည်သူများမှာ ကုန်စျေးနှုန်းကြီးမြင့်တဲ့ဒဏ်ကိုတော်တော်လေးခံနေရပါတယ်။ ဥပမာအားဖြင့်ဆိုလို့ရှိရင် ကျွန်တော်တို့အမဲသားဆိုလို့ရှိရင် နွားတစ်ကောင်ကို သူ့ရဲ့ကုန်ကျစရိတ်က ၁၀ သားကို ၃၀၀ လောက်ပဲကျပါတယ်။ လိုင်စင်ရထားတဲ့ပုဂ္ဂိုလ်က စျေးကွက်ထဲကိုရောက်တဲ့အခါ ၁၀၀၀ နဲ့ ၁၂၀၀၀ ကြားမှာရောင်းပါတယ်။ အဲဒီလိုပဲ ဝက်ဆိုလို့ရှိရင်လည်း ဝက်မွေးတဲ့လူဆီကနေပြီးတော့ လိုင်စင်ရထားတဲ့ပုဂ္ဂိုလ်များ၊ သားသတ်လိုင်စင်ရထားတဲ့ပုဂ္ဂိုလ်တွေ၊ ပြန်လည်ရောင်းချခွင့်ရတဲ့ပုဂ္ဂိုလ်များက ၁၀ သားကို ၄၀၀ ခန့်နဲ့ဝယ်ပြီးတော့ ပြန်ရောင်းတဲ့အခါမှာ ၈၀၀ အထက်ကိုရောင်းပါတယ်။ အဲဒီတော့ စျေးနှုန်းက နှစ်ဆလောက်ကွာပါတယ်။ ဥပမာ-ဆိတ်ဆိုလို့ရှိရင် ဒါအဆိုးဆုံးအခြေအနေပါ။ ဆိတ်ရဲ့မူလဝယ်စျေးက ၁၀ သားကို ၃၀၀ လောက်ပဲရှိပါတယ်။ ဆိတ်သတ်ခွင့်ရထားတဲ့သူ၊ ဆိတ်ရောင်းချခွင့်ရထားတဲ့ပုဂ္ဂိုလ်က ပြန်ရောင်းတဲ့အခါမှာ ၁၂၀၀ အထက်ကိုရောင်းပါတယ်။ အဲဒီတော့ လိုင်စင်ကြောင့် သားငါးစျေးနှုန်းတွေ ကြီးမြင့်နေတဲ့အခါကျတော့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အိမ်ရှင်မများက ကုန်စျေးနှုန်းကြီးမြင့်တဲ့ဒဏ်ကို တော်တော်လေးခံနေရပါတယ်။ အခုဆိုရင် စျေးထဲကို ငွေ ၃၀၀၀ လောက်ယူပြီးတော့ သွားရင်တောင် အသားကိုမျက်စောင်းမထိုးရဲတဲ့အခြေအနေဖြစ်နေပါတယ်။ အဲဒီတော့ ဝယ်ကြတဲ့အခါမှာလည်း ခုဟာ စျေးထဲမှာအကုန်ကြုံတွေ့နေရတာပါ။ ကြက်သားဆိုရင် အသားကိုမဝယ်စားနိုင်ပါဘူး။ ခေါင်းလေးတွေ၊ ခြေထောက်လေးတွေဝယ်ပြီးတော့ အိမ်ကျရင်ဘူးသီးနဲ့ရောချက်ရတဲ့ အခြေအနေပါ။ အသားဟင်းကိုဒေါင်ဒေါင်မြည် နေ့စဉ်ချက်စားနိုင်တဲ့မိသားစုဆိုတာ မရှိသလောက်ဖြစ်နေပါတယ်။ အဲဒီတော့အမဲသားဝယ်လည်းအဲဒီလိုပါပဲ။ အာလူးလေးနဲ့ရောချက်စားတာ။ အဲဒီတော့ ဒီသားငါးတွေကိုကျွန်တော်တို့ပြည်သူတွေ လောက်လောက်ငှငှမစားရတဲ့အခါကျတော့ ကျုံလှီလာပါတယ်။ ကလေးတွေကလည်း ကျုံလှီလာတယ်။ မိသားစုဝင်အတွင်းမှာလည်း အိမ်ရှင်မများက အခက်အခဲဖြစ်တဲ့အခါကျတော့ မျက်နှာရအောင် ကြုံသလိုလေး အသားလေးပါအောင်ချက်ကြရတဲ့အခါကျတော့ တော်တော်လေးကိုအခက်အခဲဖြစ်နေပါတယ်။ အဲဒီတော့ ဒီသားငါးတွေက ဘယ်ကလာလဲကြည့်လိုက်တော့ နိုင်ငံခြားကနေ တင်သွင်းဖို့မေးခွန်းမေးနေတာမဟုတ်ပါဘူး။ ပြည်တွင်းမှာ ထုတ်နေတဲ့သားငါးတွေကို လိုင်စင်ရတဲ့လူတွေက လက်ဝါးကြီးအုပ်ပြီးတော့ စျေးကိုလိုသလိုလုပ်ပြီးတော့နေတဲ့အခါမှာ ကျွန်တော်တို့ပြည်သူတွေက တော်တော်လေးကို ကြေးမြင့်တဲ့ဒဏ်ကိုခံနေရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဒီနှစ်စဉ်လေလံတင်ရောင်းချနေတဲ့ လိုင်စင်တွေဟာ ဒေသတစ်ခုမှာ တစ်ခုစီပဲချပေးပြီးတော့ ပြိုင်ဆိုင်မှုလည်းလုံးဝမရှိဘူး။ လက်ဝါးကြီးအုပ်စနစ်ကို အစိုးရကိုယ်တိုင်ကလေလံပစ်ပြီးတော့ အကောင်အထည်ဖော်ပြီး တရားဝင်လုပ်ပေးနေတဲ့အခြေအနေမျိုး

ဖြစ်နေပါတယ်။ အဲဒီတော့ ဒီသားငါးတွေနဲ့ပတ်သက်လို့ စောနက ရောဂါကင်းရှင်းရေးကိုလုပ်တဲ့ အဆင့်မဟုတ်တော့ဘဲနဲ့ သားငါးတွေကို သည်းကြီးမည်းကြီးလိုက်ဖမ်းနေတဲ့ အဆင့်ဖြစ်နေပါတယ်။ ဥပမာ-တစ်ခါတရံမှာဆို သတင်းစာမှာတောင်ပါပါတယ်။ သားငါးတွေကို တခြားမြို့နယ်က ဈေးပေါတဲ့ မြို့နယ်ကသယ်လာတဲ့အခါကျတော့ လမ်းမှာမိတယ်။ တရားခံနဲ့ ကားတွေနဲ့ဓာတ်ပုံတွေရိုက်ပြီးတော့ သတင်းစာထဲမှာ မူးယစ်ဆေးဝါးမိသလိုတောင် ကြော်ငြာတာတွေရှိပါတယ်။ အဲဒီတော့ ဒါဘာပြောလဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာထုတ်တဲ့အသားကို ကျွန်တော်တို့ကိုယ်တိုင် မှောင်ခိုဖြစ်ပြီးတော့ ဝယ်စားနေရတဲ့အခြေအနေဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုသာ သားငါးလိုင်စင်တွေကိုချပေးလိုက်မယ်ဆိုရင် အမဲသားဈေးက ၁၀ သားကို ၅၀၀ ထက်ဘယ်လိုမှပိုလာနိုင် စရာမရှိပါဘူး။ အဲဒီလိုပဲ ဝက်သားဈေးကလည်း ၄၀၀၊ ၅၀၀ ထက်ဘယ်လိုမှပိုလာနိုင်စရာအကြောင်း မရှိပါဘူး။ အဲဒီတော့ ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မြင့်ထွန်း(နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်းရဲ့မေးခွန်း။ ကျွန်တော်တို့လည်း ပြည်သူဖြစ်တဲ့အတွက် အဲဒီလိုတော့ ခံစားရပါတယ်။ သို့သော်လည်းပဲ တိုင်းဒေသကြီးနဲ့ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တွေရဲ့ ကွပ်ကဲမှု အောက်မှာရှိတဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွေရဲ့လုပ်ဆောင်ချက်များကို ကျွန်တော်အရင်တင်ပြ ပါရစေ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိကတော့ နှစ်စဉ်သားသတ်လုပ်ငန်းလိုင်စင်တွေကို ဈေးပြိုင်စနစ်နဲ့ လေလံတင်ရောင်းချခဲ့ကြပါတယ်။ ဝင်ငွေပိုမိုရရှိခဲ့ပေမဲ့ ဈေးအများဆုံးပေးနိုင်တဲ့လူကို လေလံချထားပေးခြင်းကြောင့် အသားဈေးကွက်ကို တစ်ဦးတစ်ယောက်က ချုပ်ကိုင်လုပ်ကိုင်ခွင့် ခွင့်ပြုတဲ့ အခြေအနေမျိုးဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီလို သားသတ်လုပ်ငန်းကြီးကြပ်စီမံခန့်ခွဲရာမှာ ဈေးပြိုင်ရောင်းချတဲ့အတွက် သတ်မှတ်ထိန်းချုပ်မှုမရှိဘဲ အဆမတန်လေလံဈေးနှုန်းကြီးမြင့်လာတယ်။ တချို့က ပန်းကြေးယူပါတယ်။ ပန်းကြေးယူပြီးတော့ လေလံဆွဲပွဲလျှောက်ထားတယ်။ ပန်းကြေးရပြီးလို့ရှိရင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှာ လေလံကြေး၊ ပန်းကြေးယူသွားတဲ့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွေမှာ လေလံဈေးရသင့်သလောက် မရရှိနိုင်တဲ့အခြေအနေတွေပေါ်ပေါက်ပါတယ်။ နောက်

ပန်းကြေးမရရှိဘဲနဲ့ အမှန်တကယ်ဆွဲဝယ်လုပ်ကိုင်မယ့်သူတွေကို နှောင့်ယှက်တဲ့အနေနဲ့ လေလံကြေး အဆမတန်မြှင့်ပြီး ဆက်လက်ယှဉ်ပြိုင်ခြင်းမပြုတော့ဘဲ ရပ်ဆိုင်းတဲ့အခြေအနေတွေလည်းပေါ်ပေါက်ပါတယ်။ လေလံကြေးအမှန်တကယ်ရသင့်သည်ထက် လေလံဆွဲဝယ်သူအချင်းချင်းညှိနှိုင်းပြီး လေလံအောင်မြင်ဖို့ရာ ဆောင်ရွက်ခြင်းဖြင့် ကြမ်းခင်းဈေးပြည့်မီခြင်းမရှိဘဲ လေလံလျော့နည်းတဲ့အခြေအနေလည်းဖြစ်ပေါ်ပါတယ်။ နောက် လိုင်စင်တန်ဖိုးအဆမတန်ကြီးမြင့်စွာ ဆွဲဝယ်ထား ပြီးတော့ လေလံစည်းကမ်းပါ အသားဈေးနှုန်းများကို လိုက်နာခြင်းမရှိဘဲ အသားဈေးနှုန်းမြင့်တက်ရခြင်းကြောင့် စားသုံးသူလုပ်သားပြည်သူများအတွက် ကုန်ဈေးနှုန်းကြီးမြင့်လာခြင်းစတဲ့ အားနည်းချက်တွေကို ကြုံတွေ့လာပါတယ်။ အဲဒီအခက်အခဲကို ဖြေရှင်းနိုင်ဖို့ရာဆိုပြီးတော့ တစ်ဦးတစ်ယောက်တည်းက ခုနတုန်းက ကိုယ်စားလှယ်တော်ကြီးမေးမြန်းခဲ့သလို တစ်ဦးတစ်ယောက်တည်းက ချုပ်ကိုင်လုပ်ကိုင်ခွင့်ပြုတာထက်စာလို့ရှိရင် လုပ်ကိုင်လိုသူတွေကို ခွဲဝေလုပ်ကိုင်စေခြင်းဖြင့် ယှဉ်ပြိုင်မှုများ၊ အသားဈေးနှုန်းများ ပိုမိုရောင်းချခြင်းမရှိစေဖို့အတွက် ရောင်းချမယ့်အရည်အသွေး ပိုမိုကောင်းမွန်စေဖို့ရာဆိုပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်စပြီးတော့ သားသတ်လုပ်ငန်းလုပ်ကိုင်ခွင့်ကို ဈေးပြိုင်စနစ်နဲ့လေလံတင်ရောင်းချခြင်းမပြုတော့ပါဘူး။ မြို့အနေအထား၊ ဈေးအနေအထားအလိုက် စားသုံးသူတို့လိုအပ်ချက်အရ ဈေးတစ်ဈေးမှာ အသားတစ်မျိုးမျိုးအတွက် သားသတ်လုပ်ငန်းလိုင်စင်တစ်ခုသာ ခွင့်ပြုမည့်အစား သားသတ်လုပ်ငန်းလိုင်စင်လုပ်ကိုင်လိုသူဦးရေ ကန့်သတ်မထားဘဲ နာမည်ပျက်စာရင်းမရှိသူ၊ ပြစ်မှုကင်းရှင်းသူ သတ်မှတ်စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်မယ့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သား မည်သူ့ကိုမဆို ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် သတ်မှတ်ကြမ်းခင်းဈေးအား အညီအမျှခွဲဝေ၍ လိုင်စင်ဝယ်ယူသူအရေအတွက်အလိုက် တိုက်ရိုက်ရောင်းချဆောင်ရွက်ခဲ့ပါတယ်။ ဒါ့ကြောင့်မို့လို့ တိုင်းဒေသကြီးနှင့်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များရဲ့ကွပ်ကဲမှုအောက်မှာရှိတဲ့မြို့နယ်အသီးသီးမှာ နှစ်စဉ်သားသတ်လုပ်ငန်းလိုင်စင်များကို ဈေးပြိုင်လေလံတင်စနစ်နဲ့ရောင်းချခြင်းမပြုတော့ဘဲ သားသတ်လုပ်ငန်းလုပ်ကိုင်လိုသူများ အချိုးကျပေးသွင်းစေပြီး လုပ်ကိုင်ခွင့်ပြုသည့်စနစ်ကို ပြောင်းလဲအသုံးပြုလျက် ရှိနေပါတယ်။ ဒါပေမဲ့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရဲ့ကွပ်ကဲမှုအောက်မှာရှိတဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစပြီး သားသတ်လုပ်ငန်းများကို အချိုးကျခွဲဝေလုပ်ကိုင်ခဲ့တဲ့စနစ်ဟာ ဝင်ငွေလျော့နည်းလာပါတယ်။ ခွဲဝေလုပ်ကိုင်သူများကလည်း ယခင်က သားသတ်လုပ်ငန်း လုပ်ကိုင်သူများရဲ့ဆွေမျိုးသားချင်းတွေသာ လုပ်ကိုင်လာကြခြင်းဖြစ်တဲ့အတွက် ယှဉ်ပြိုင်ရောင်းချမှုမရှိတော့ပါဘူး။ လုပ်ကိုင်သူများပြားလာတဲ့အတွက် သားကောင်အရေအတွက် ပိုမို

သတ်ဖြတ်လာတဲ့အတွက်ကြောင့်မို့လို့ စစ်ဆေးကြပ်မတ်မှုပိုမိုဆောင်ရွက်လာရပါတယ်။ အရေးယူမှုလည်း ပိုမိုရှိနေပါတယ်ဆိုတဲ့အားနည်းချက်များဖြစ်ပေါ်တာကို မူတည်ပြီးတော့ သားသတ်လုပ်ငန်းလိုင်စင်များကို လေလံစနစ်နဲ့လေလံတင်ရောင်းချနေခြင်းသာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျန်တဲ့ပြည်နယ်/တိုင်းဒေသကြီးကတော့ ဈေးသက်သာအောင် ၂၀၁၃ ခုနှစ်က မူအတိုင်းပဲ ဆက်လက်ရောင်းချနေကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွင့်ပြုပါ။ ခုနတုန်းက လေလံတင်တာကို အပြိုင်မလုပ်တော့ဘူးဆိုပြီးတော့ ပြောနေပေမဲ့ ကျွန်တော်တို့မင်္ဂလာဒုံဈေးမှာ ပြီးခဲ့တဲ့ရက်က လေလံပစ်သွားတဲ့ဈေးက ဆိတ်က ၆၅ သိန်းနဲ့ လေလံအောင်ပါတယ်။ ဒီနှစ်မှာ သိန်း ၂၅၀ နဲ့လေလံအောင် သွားပါတယ်။ အဲဒီတော့ သိန်း ၂၅၀ နဲ့ လေလံအောင်သွားတဲ့လူက ဒီပိုက်ဆံကို ရအောင်ရှာရပါတယ်။ လေလံလည်း လက်ရှိပစ်နေပါတယ်။ ကျွန်တော်တို့မင်္ဂလာဒုံဈေးမှာလည်း ပစ်နေပါတယ်။ ဒီလေလံက။ ခုနတုန်းက ကျွန်တော်မေးတဲ့မေးခွန်းက ကုန်ဈေးနှုန်းကျဆင်းရေးအတွက် အိမ်ရှင်မများတွေ အခက်အခဲဖြစ်နေတဲ့သားဈေး၊ ပြည်တွင်းကထုတ်လုပ်တဲ့သားဈေးကို ဘယ်လိုမျိုးစီမံဆောင်ရွက် ထားမယ်ကို ကျွန်တော်မေးတာပါ။ ဝန်ကြီးဌာနရဲ့အခက်အခဲကို ကျွန်တော်မေးတာမဟုတ်ပါဘူး။ အခု ကျွန်တော်နားလည်လိုက်တာကတော့ ဒီဟာတွေကို ဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်နေတယ်။ အပြောင်းအလဲတစ်စုံတစ်ရာလည်း လုပ်စရာမရှိဘူး။ ဒါကို ကျွန်တော် နားလည်လိုက်ပါတယ်။ အဲဒီတော့ အရင်လိုဆက်ပြီးတော့ လိုင်စင်တွေက အရင်လိုဆက်သွားနေတယ်။ အဲဒါကို ကျွန်တော်နားလည်ထားသလို ဟုတ်ပါသလားဆိုတာလေးကို ပြန်လည်ဖြေကြားပေးပါ။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအောင်မြင့်ထွန်း(နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြရရင်တော့ ဒီစည်ပင်သာယာရေးကိစ္စရပ်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ကိုရည်ညွှန်းထားတဲ့ ဇယား ၂ ရဲ့ အပိုဒ် ၈ ခေါ် စာပိုဒ် ၈ အရ ပြည်နယ်/တိုင်းဒေသကြီးများကဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းများ ဖြစ်ပါတယ်။ အဲဒီအခွင့်အလမ်းတွေကို ကျွန်တော်တို့ကစုစည်းပြီးတော့ တင်ပြရတာဖြစ်ပါတယ်။ အခု ဖြစ်နေတာကတော့ ဒီ Future Plan ဘယ်လိုများ ဆောင်ရွက်ပေးနိုင်ပါသလဲဆိုတဲ့ ကိုယ်စားလှယ်တော်ကြီးမေးမယ့် မေးခွန်းမျိုးကို

ရန်ကုန်တိုင်းဒေသကြီးကို ကျွန်တော်ပြန်မေးပါတယ်။ မေးတဲ့အခါကျတော့ သူတို့က ကျွန်တော့်ကို ပြောတဲ့အတိုင်းပဲ ဖြေပါတယ်။ နောက်တစ်ခါ Reference က ခင်ဗျားတို့ပေးပါဦးဗျာဆိုတော့ တခြားဟာမပေးဘဲ ဘာပေးလဲဆိုတော့ အသားထုတ်လုပ်ခွင့်လိုင်စင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်။ လှိုင်သာယာ၊ ရွာသာကြီး၊ ရွှေပြည်သာအတွက် လိုင်စင်စာရွက်တွေဆိုပြီးတော့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ပို့ပေးပါတယ်။ အဲဒီပို့ပေးတဲ့အထဲမှာပါတာတွေကတော့ သူတို့ဥပဒေအရ ရန်ကုန်တိုင်း ဒေသကြီးရဲ့ လွှတ်တော်ကပြဋ္ဌာန်းတဲ့ ရန်ကုန်တိုင်းဒေသကြီးစည်ပင် သာယာရေးဥပဒေမှာပြဋ္ဌာန်း ထားတဲ့ အသားထုတ်လုပ်ခွင့်လိုင်စင်ရှိသူတွေ ဘာညာ ဒီလိုဟာတွေပဲ စာရင်းတွေနဲ့ ကျွန်တော်တို့ စည်းကမ်းနည်းလမ်းတွေကိုပဲ ဖော်ပြထားတာဖြစ်ပါတယ်။ အဲဒီတော့ ဆက်ပြီးတော့ အခုကျွန်တော် တင်ပြခဲ့တဲ့ကိစ္စကတော့ ၂၀၁၂-၂၀၁၃ ခုနှစ်တုန်းက ပြည်နယ်/တိုင်းဒေသကြီးအားလုံးမှာရှိတဲ့ စည်ပင် သာယာရေးနဲ့ပတ်သက်တဲ့ အစိုးရအဖွဲ့လက်အောက်မှာရှိတဲ့ စည်ပင်သာယာရေးတွေက အရင်တုန်း ကတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြသလို လိုင်စင်နဲ့အသားငါးတွေကို တစ်ဦးတစ်ယောက်တည်းက ချုပ်ကိုင်ပြီးလုပ်တယ်။ သို့သော်လည်း ကျွန်တော်တို့ သိသလောက်ကတော့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ၂၀၁၃-၂၀၁၄ ခုနှစ်ကစပြီးတော့ အဲဒီလိုမလုပ်တော့ဘဲနဲ့ ဈေးအလိုက်၊ နောက်တစ်ခါ မြို့နယ်အလိုက် အဲသည်လိုလုပ်တယ်လို့ ကျွန်တော်တို့ကို ပြောပါတယ်။ အခုနောက်ပိုင်းကျတော့ အဲဒီလိုလုပ်တာ ကလည်းပဲ သူတို့ရဲ့အကြောင်းပြချက်ကတော့ ခွဲဝေလုပ်ကိုင်မှုတွေက ယခင်သားသတ် လုပ်ငန်း လိုင်စင်များက ဆွေမျိုးသားချင်းများသာ လုပ်ကိုင်နေကြခြင်းဖြစ်တယ်ဆိုတော့။ ကောင်းပြီ အဲဒီလိုဆိုရင် ကျွန်တော်ကလည်း သူတို့ကိုမေးပါတယ်။ ခင်ဗျားတို့ Data များရှိသလား။ အဲဒီလိုဟာ Data တွေကို ကျွန်တော်တို့ကိုပေးပါဦးဆိုတော့ အဲဒါတွေတော့ ပို့ပေးတာမတွေ့တာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ပြည့်ပြည့်စုံစုံအဲဒီလောက်ထိ မဖြေကြားနိုင်ပါဘူး။ သူတို့တင်ပြတဲ့ဟာကိုပဲ ကျွန်တော်တို့အနေနဲ့ စုစည်းဖြေကြားရတာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဒီမေးခွန်းဟာ အများပြည်သူလူထုရဲ့စားဝတ်နေရေးနဲ့ပတ်သက် ပါတယ်။ ကုန်ဈေးနှုန်းနဲ့လည်း ပတ်သက်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက ဈေးပြိုင်စနစ်နဲ့ လေလံလုပ်ပြန်တော့ ဝင်ငွေကတော့ပိုရတယ်။ သားငါးဈေးကြီးတယ်ပြောတယ်။ ဈေးပြိုင်စနစ်နဲ့ မလုပ်ဘူး။ ယှဉ်ပြိုင်မှုစနစ်နဲ့ပေးပြန်တော့ ဝင်ငွေတော့နည်းတယ်။ သားငါးဈေးနှုန်းကမကျဘူးဆိုရင် ကျမယ့်နည်းလမ်းတော့ ရှာစေချင်တယ်။ တိုင်းပြည်ရဲ့ဝင်ငွေခွန် ဝင်ငွေရတာနည်းတယ်။ နည်းအောင်

ယူထားတယ် သားငါးဈေးကျတော့ ဒီအတိုင်းပဲဆိုတာကတော့ သဘာဝမကျဘူး။ ဒါကြောင့်မို့လို့ ဒါကိုတော့ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးဆိုလည်း ပြည်နယ်/တိုင်းဒေသကြီးစည်ပင်ပေါ့။ အခု နေပြည်တော်ကောင်စီက ကိုယ်စားလာဖြေရတဲ့အခါကျတော့ နေပြည်တော်ကောင်စီအနေနဲ့ ကိုယ်စား လာဖြေတဲ့အတိုင်းပဲ ကိုယ်စားပြုပြီးတော့ အဲဒီပြည်နယ်/တိုင်းဒေသကြီးစည်ပင်အနေနဲ့ ပေါင်းစပ် ညှိနှိုင်းပြီးတော့ အဖြေတစ်ခုတော့ထုတ်ပေးစေချင်တယ်။

**မြို့နယ်တိုင်းတွင် သားသတ်ရုံ(Slaughter House)များကို စနစ်တကျဆောက်လုပ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့မြို့နယ်တိုင်းမှာ သားသတ်ရုံ(Slaughter House)တွေကို စနစ်တကျဆောက်လုပ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ ကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သားသတ်ရုံလို့ ကြားလိုက်ရင် နားဝင်မချိုသလို၊ နားစိမ်းသလို ခံစားရတတ်ပါတယ်။ သားသတ်ခြင်းဆိုတာလည်း ဘာသာရေးအရ လက်မခံနိုင်သလိုရှိကြပါတယ်။ ဒါပေမဲ့သက်သက်လွတ် စားသုံးသူကလွဲလို့ အသားစားသုံးကြတဲ့သူတွေဟာ သားသတ်ရုံနဲ့မလွတ်ကင်းပါဘူး။ သေတဲ့အသား ကလွဲလို့ သားသတ်ရုံကထွက်လာတဲ့အသားတွေပဲစားရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြို့ကြီးတချို့က လွဲရင် မြို့တိုင်းလိုလိုမှာ သားသတ်ရုံကိုဖြစ်သလိုဆောက်ကြပါတယ်။ နေရာတွေကလည်း သုသာန်လို နေရာမျိုးတွေမှာ တဲဆောက်ပြီး ဖြစ်သလိုမြေကြီးပေါ်ချပြီး အသားတွေရအောင် လုပ်ကြပါတယ်။ ညစ်ပတ်တယ်။ အရိုးတွေကို ဖြစ်သလိုပုံတယ်။ အစာဟောင်းနဲ့ အညစ်အကြေးတွေကို ဖြစ်သလို စွန့်ပစ်တယ်။ ယင်တလောင်းလောင်းနဲ့မို့ သန့်ရှင်းတဲ့အသားရဖို့မလွယ်ပါဘူး။ ကျွန်တော်တို့ ခလေ့ အရလည်း မီးနဲ့ သေသေချာချာနူးအောင်၊ ကျက်အောင်ချက်ပြုတ်စားသောက်ကြလို့သာ ရောဂါတွေ မဖြစ်ခြင်းဖြစ်ပါတယ်။ တချို့နေရာတွေမှာဆိုရင်လည်း လူနေတဲ့အိမ်တွေထဲမှာတောင် ခိုးဝှက်ပြီးတော့ အသားပေါ်ကြတဲ့ မြို့နယ်တွေလည်းရှိပါတယ်။ Safety Food ရဖို့ဆိုတာ Safety Meat သန့်ရှင်းတဲ့ အသားရမှ ဖြစ်မှာပါ။ From Farm to table ဆိုတဲ့ဆောင်ပုဒ်လည်းရှိပါတယ်။ မွေးတဲ့နေရာကနေပြီး

စားပွဲအထိ သန့်ရှင်းနေမှ ဒီအသားတွေ သန့်ရှင်းဖို့လိုပါတယ်။ အသားလုပ်မယ့်တိရစ္ဆာန်ကို မသတ်မီ စစ်ပါတယ်။ ပြီးရင် သတ်ပြီးတဲ့အခါလည်းပဲ သတ်ပြီးတဲ့အစိတ်အပိုင်းတွေကို ထပ်စစ်ပါတယ်။ ရောဂါဖြစ်နေတဲ့ အစိတ်အပိုင်းတွေပယ်ပါတယ်။ အသည်းတို့၊ အဆုတ်တို့ဆိုရင်။ ကျောက်ကပ်မှာ ရောဂါဖြစ်နေရင်တော့ တစ်ကောင်လုံးပယ်ရတာတွေရှိပါတယ်။ သားသတ်ရုံတွေကို စနစ်တကျဆောက်ဖို့လိုပါတယ်။ ကျေးဇူးပြုပြီး Power Point သုံးစွဲဖို့မေတ္တာရပ်ခံပါတယ်။

သားသတ်ရုံတွေမှာဆိုရင်တော့ အခြေခံအချက်အလက်လေးတွေရှိပါတယ်။ ကြမ်းခင်းနှင့်ကြွက်၊ ခြင်၊ ယင်မဝင်ဖို့ အဆောက်အအုံပုံစံ၊ အလင်းရောင်ရရှိမှု၊ လေဝင်လေထွက်ကောင်းမွန်မှု၊ ရေပိုက်တွ သွယ်တန်းထားမှု၊ နောက်စွန့်ပစ်ရမယ့်ပစ္စည်းတွေ ရေရရှိနိုင်မှု၊ ရေတို့ရေခဲတို့နဲ့ဆေးကြောတဲ့ရေတွေကို ပြန်လည်သုံးစွဲမှု၊ အဝတ်လဲခန်းနှင့်အိမ်သာတွေ၊ ဓား၊ ချိတ်စတဲ့ အသုံးအဆောင်တွေ၊ သန့်ရှင်းရေးလုပ်ရန်လွယ်ကူအဆင်ပြေမှု လုပ်ငန်းဆောင်ရွက်သူတို့ရဲ့ကျန်းမာရေးစတဲ့အချက်အလက်တွေပါပါတယ်။ ဒါကတော့ မြို့တစ်မြို့ရဲ့အစွန် သချိုင်းကုန်းနေရာမှာရှိတဲ့ အနီးနေရာလေးက သားသတ်ရုံဆောက်ထားတဲ့နေရာပါ။ ဂူတွေကြားထဲမှာ သားသတ်ရုံလေးကိုတော့ အဲဒီလိုဆောက်ထားပါတယ်။ အရိုးတွေလည်း အဲဒီလိုဖြစ်သလို ပုံထားပါတယ်။ ဒါဟာမြေကြီးပေါ်မှာချပြီးတော့ သားသတ်လုပ်ငန်းဆောင်ရွက်နေကြတာ။ ဒါဟာ သူကထွက်တဲ့အညစ်အကြေးတွေကိုလည်း ဖြစ်သလိုစွန့်ပစ်ကြပါတယ်။ ဒါကတော့ တကယ့်ကိုပဲအဆင့်မြင့်တဲ့သားသတ်ရုံကြီးတွေပါ။ ဒီပစ္စည်းတွေပါ။ အသုံးအဆောင်တွေပါ။ အသားစစ်ဆေးခြင်းပါ။ အသားတွေကိုစနစ်တကျအဲဒီလိုချိတ်ဆွဲထားပါတယ်။ အသားမှာမလိုအပ်တဲ့ဟာတွေကို ထပ်ပြီးတော့ဖယ်ပါတယ်။ ဒါကတော့ အင်မတန်အဆင့်မြင့်တဲ့ဟာနဲ့ ကျွန်တော်တို့နိုင်ငံမှာ အခုလက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေကို နှိုင်းယှဉ်ပြတာပါ။ ဒါကြောင့် ကျွန်တော်တို့ဟာ ကိုယ်လုပ်နိုင်သလောက်တော့ အဆင့်မြှင့်ဖို့လိုပါပြီ။ မြို့နယ်တွေမှာ သားသတ်ရုံဆိုတဲ့ Slaughter House တွေကို စနစ်တကျဆောက်လုပ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို မြန်မာပြည်သူလူထုကြီးတစ်ရပ်လုံးရဲ့ကျန်းမာရေးအတွက် သန့်ရှင်းတဲ့အသားတွေရဖို့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မြင့်ထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ

မူကြမ်း

သန်းအောင်စိုးရဲ့မေးခွန်းအပေါ်မှာ ကျွန်တော်လေးစားစွာ ဖြေကြားတင်ပြအပ်ပါတယ်။ ကျွန်တော်တို့လည်း အဲဒီလိုပဲ မျှော်လင့်ချင်ပါတယ်။ အဲဒီလိုအခြေအနေဖြစ်အောင်လည်း ကြိုးစားနိုင်ဖို့လိုကြပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့လက်ရှိအခြေအနေအရကတော့ တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးကွပ်ကဲမှုအောက်မှာရှိတဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥပဒေအရကိုက လေလံချထားတဲ့အရပ်ရပ်အခွင့်အရေးဟာ လေလံရသွားတဲ့သားသတ်လိုင်စင်လုပ်ငန်းတွေလည်း ပါဝင်ပါတယ်။ အဲဒီသားသတ်လိုင်စင်လုပ်ငန်းတွေနဲ့ပတ်သက်တဲ့ စည်းကမ်းချက်များလည်း ရှိပြီးသားဖြစ်ပါတယ်။ သန့်ရှင်းလတ်ဆတ်ပြီးတော့ ရောဂါ ကင်းတဲ့တိရစ္ဆာန်များအသားကို အများပြည်သူများအတွက် စားသုံးရန် ရောင်းချဖို့ရာအလို့ငှာ တိရစ္ဆာန်များသတ်ဖြတ်ရာမှာ စည်ပင်သာယာရေးအဖွဲ့ပိုင်သားသတ်ရုံများမှာ စည်းကမ်းနှင့်အညီ သတ်ဖြတ် စေခြင်း၊ သားသတ်ရုံမြေနေရာရရှိရေးအတွက် ဆောင်ရွက်နေတဲ့မြို့နယ်မြို့များမှာ လိုင်စင်ရရှိသူများဟာ သက်ဆိုင်ရာမြို့/ရွာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စည်ပင်သာယာရေးကော်မတီတို့က စနစ်တကျသတ်မှတ်ပေးတဲ့ ယာယီနေရာများမှာသော်လည်းကောင်း အခုအခြေအနေမှာတော့ သတ်ဖြတ်နေရတဲ့အခြေအနေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နေပြည်တော်ကောင်စီနယ်မြေမှာကတော့ သားသတ်ရုံ မြို့နယ်တိုင်းမှာရှိပါတယ်။ ဒါပေမဲ့ ဌာနပိုင်သားသတ်ရုံမရှိသေးတဲ့မြို့တွေ၊ ဌာနပိုင် သားသတ်ရုံရှိသော်လည်း လုံလောက်မှု မရှိသေးတဲ့မြို့နယ်၊ မြို့တွေ၊ အဲဒီအတွက် သားသတ်ရုံများကို စနစ်တကျထူထောင်ပေးတဲ့နေရာမှာ ဌာနပိုင်မြို့သေးတွေ ကျေးလက်ကျေးရွာကိုအခြေခံပြီးတော့ ဈေးမရှိသေးဘဲနဲ့ ဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့ကျေးရွာကြီးများမှာလည်းကောင်း လိုအပ်ချက်များကို စိစစ်ပြီး တည်ဆောက်ပေးသွားနိုင်မယ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဲဒီလိုတည်ဆောက်တဲ့အခါမှာ ဌာနပိုင်မြေမရှိသေးတဲ့မြို့နယ်၊ မြို့ရွာတွေအနေနဲ့ လူနေရပ်ကွက်တွေနဲ့ သာသနိကအဆောက်အအုံတွေ၊ ဘုရား၊ ပုထိုးတွေနဲ့ကွာဝေးတဲ့နေရာတွေကို ရှာဖွေရပါတယ်။ နောက်သားသတ်ရုံကို သွားရာလမ်း ဖောက်လုပ်ရပါတယ်။ လျှပ်စစ်မီး၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရပါတယ်။ သားသတ်ရုံမှာ ကြီးကြပ်မယ့်တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်နိုင်မယ့်ကြီးကြပ်ရေးမှူးရုံးခန်းတွေ၊ သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးအတွက် သားသတ်ရုံမှထွက်ရှိလာတဲ့အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရမယ့်စနစ်အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားပြီး ကိုယ်စားလှယ်တော်ကြီးအကြံပေးတဲ့ အတိုင်း တည်ဆောက်သွားနိုင်ဖို့ ကြိုးစားပါမယ်လို့ ဖြေကြားအပ်ပါတယ်။ ဒါပေမဲ့လည်း မြို့နယ်တိုင်းမှာ သားသတ်ရုံတည်ဆောက်နိုင်ရေးအတွက်ကတော့ မြေနေရာရှာဖွေရရှိဖို့ရာ ရရှိတဲ့မြေနေရာကို သားသတ်ရုံအဖြစ် အသုံးပြုခွင့်ရရှိဖို့ရာ အဆင့်ဆင့်တင်ပြရပါတယ်။ ရေ၊ မီး၊ သန့်ရှင်းမှုစနစ်ပါဝင်တဲ့ သားသတ်ရုံ အဆောက်အအုံ

တည်ဆောက်ခြင်းစတဲ့ အခြေခံလိုအပ်ချက်များကို ဦးစွာဆောင်ရွက်သွားပါမယ်လို့ လေးစားစွာ တင်ပြအပ်ပါတယ်။ နောက်တစ်ခါ စည်ပင်သာယာရေးဌာနတွေဟာ ကိုယ့်ဝင်ငွေ တွေပေါ်မှာ ရပ်တည်နေရတဲ့ဌာနတွေဖြစ်တဲ့အတွက် တစ်နှစ်ဝင်ငွေပမာဏအများအပြားရှိတဲ့မြို့ရှိသလို အတန်အသင့်သာလျှာထားနိုင်တဲ့မြို့၊ ဝင်ငွေနည်းပါးတဲ့မြို့၊ ဝင်ငွေမရှိသေးတဲ့မြို့စသည့်မြို့များအပေါ်မှာ မူတည်ပြီးတော့မှ မြို့နယ်တိုင်းမှာ သားသတ်ရုံ(Slaughter House)အရ တည်ဆောက်နိုင်ရေးကို နှစ်ရှည်အစီအမံများရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကိုယ်စားလှယ်တော်ကြီးအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာပန်ကြားတင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နောက်ဆက်တွဲရှိရင် မေးပါ။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ တတ်နိုင်သမျှ ရှင်းလင်းဖြေကြားပေးတဲ့နေပြည်တော်ကောင်စီဝင်ကို အထူးကျေးဇူးတင်ရှိပါတယ်။ အခုဟာကလည်းပဲ သားသတ်လုပ်ငန်းတွေမှာ အခုနက ဦးအောင်လှိုင်ဝင်း တင်ပြသွားသလိုပဲ သားသတ်လုပ်ငန်းနဲ့ အသားရရှိမှု ဒီမှာ ဈေးတွေကလည်း အဆမတန်ကြီးနေတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စည်ပင်သာယာရေးတွေကလည်းပဲ ကွဲနေတဲ့အတွက် ဗဟိုအဆင့်စည်ပင်သာယာရေးအနေနဲ့လည်းပဲမရှိဘူး။ မရှိတဲ့အတွက် ကျွန်တော်တို့က တကယ်လို့ အားလုံးပေါင်းစုံပြီးတော့ရင် တကယ့်ခေတ်မီသားသတ်ရုံကြီးတွေကို အချက်အခြာကျတဲ့နေရာတွေမှာ အဆင့်မြင့်မြင့်နဲ့ တည်ဆောက်ပြီးတော့ အဲဒီမှာ အကောင်ရေပေါ်မှာမူတည်ပြီး သားသတ်ခဈေးနှုန်းယူပြီးတော့ စနစ်တကျဖြန့်ရင်တော့ ဒီကိစ္စရပ်တွေ ပြေလည်သွားမယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါကလည်းပဲ မြန်မာပြည်(အထက်ပိုင်း) မန္တလေးမှာတစ်နေရာ၊ နေပြည်တော် အလယ်ပိုင်းတစ်နေရာ၊ အောက်ပိုင်းတစ်နေရာ၊ မော်လမြိုင်ပေါ့။ သိပ်ထွန်းကားလာရင် မြစ်ကြီးနားဘက်ပေါ့။ အဲဒီလိုမျိုး အဆင့်မြင့်မြင့်ရုံကို နိုင်ငံတော်စရိတ်နဲ့ဆောက်ပြီးတော့မှ ဒီလိုမျိုးဖြေရှင်းရင်တော့ အချက်အလက်တစ်ခုအနေနဲ့ ဒါဖြေရှင်းနိုင်မယ့်ကိစ္စတစ်ရပ်ဖြစ်မယ်လို့ ထင်ပါတယ်။ အဲဒါလေးကို ကျွန်တော် ဆွေးနွေးတင်ပြတာပါ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေဖို့တော့မလိုတော့ပါဘူး။ ဆက်စပ်မေးခွန်းမဟုတ်ဘူး။ ထပ်ဆွေးနွေးတာပါ။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေလည်း ကျွန်တော်က တစ်ဆက်တစ်စပ်တည်း မေးမလား။ မေးမလားဆိုပြီး ကြည့်တယ်။ ကြည့်တော့ ဘာမှမလှုပ်ဘူး။ မေးရမလား။ မမေးရမလား။ စဉ်းစားပဲနေလို့လား။ ဒါမှမဟုတ်လို့ရှိရင်လည်း ထလို့၊ ကြွလို့မရတာလား။ ဒါမှမဟုတ်လို့ရှိရင်လည်း ကုလားထိုင်နဲ့ပဲ ငြိနေ

လားတော့မသိဘူး။ နောက်တစ်ယောက်ခေါ်ပြီဆိုရင်တော့ ထပြီ။ အဲဒါလေးလည်း နည်းနည်းသတိထား ကြပါဦး။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြို့နယ်ခန်းမအား မည်သည့်အတွက်ကြောင့် ပုဂ္ဂလိကအဖွဲ့အစည်း တစ်ခုအား ငှားရမ်းခဲ့ပါသနည်း၊ မည်သည့်ဈေးနှုန်းဖြင့် ငှားရမ်းခဲ့ပါသနည်း၊ နိုင်ငံတော်၏ နေ့ထူး နေ့မြတ်အခမ်းအနားများ၊ ပညာပေးပြခန်းများနှင့် အများပြည်သူနှင့်သက်ဆိုင်သော တွေ့ဆုံပွဲများ ပြုလုပ်နိုင်ရန် မြို့နယ်ခန်းမအား ပြန်လည်တောင်းယူပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုသည့်မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မှာရှိတဲ့ မြို့နယ်ခန်းမအား မည်သည့်အတွက်ကြောင့် မည်သည့်ဈေးနှုန်းဖြင့် ပုဂ္ဂလိကအဖွဲ့အစည်း တစ်ခုအား ငှားရမ်းခဲ့ပါသနည်း၊ နိုင်ငံတော်ရဲ့ နေ့ထူးနေ့မြတ်အခမ်းအနားများ၊ ပညာပေးပြခန်းများ၊ အများပြည်သူနှင့်သက်ဆိုင်တဲ့ တွေ့ဆုံပွဲများ ပြုလုပ်နိုင်ရန် မြို့နယ်ခန်းမအား ပြန်လည်တောင်းယူ ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ပြန်လည်တောင်းယူပေးမည်ကို သိရှိ လိုပါသဖြင့် မေးမြန်းခြင်းဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြို့နယ်မှာ မြို့နယ်ခန်းမရှိပါတယ်။ ၎င်းခန်းမမှာ နိုင်ငံတော်ရဲ့ နေ့ထူးနေ့မြတ်အခမ်းအနားဖြစ်တဲ့ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့စသည့်နေ့ရက်များတွင် အများ ပြည်သူတက်ရောက်၍ အခမ်းအနားများ ကျင်းပနိုင်ပါတယ်။ နောက်မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး၊ ပညာရေးအသိပညာပေးရေး၊ ကျန်းမာရေးအသိပညာပေးရေးစသည့် ပညာပေး ပြခန်းများအဖြစ်လည်း ဆောင်ရွက်နိုင်ပါတယ်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များမှ မဲဆန္ဒရှင် ပြည်သူများနှင့်တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲများလည်း ပြုလုပ်နိုင်ပါတယ်။ ဒါပေမဲ့ လည်း ယခုအခါ မြို့နယ်ခန်းမအား ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုကို ငှားရမ်းထားရှိပြီးတော့ အမြဲတမ်း တံခါးပိတ်ထား၍ အများပြည်သူနှင့်သက်ဆိုင်တဲ့အခမ်းအနားများ၊ တွေ့ဆုံပွဲများ၊ ပြခန်းများ အသုံးပြု ဆောင်ရွက်ခွင့်မရရှိတော့ပါ။ သို့ပါ၍ အများပြည်သူနှင့်သက်ဆိုင်တဲ့ မြို့နယ်ခန်းမအား မည်သည့်

မူကြမ်း

ရည်ရွယ်ချက်၊ အကြောင်းပြချက်ဖြင့်၊ မည်သည့်စျေးနှုန်းဖြင့်၊ ငှားရမ်းထားပါသနည်း။ မြို့နယ်ခန်းမ အား အများပြည်သူနှင့်သက်ဆိုင်သော အခမ်းအနားများ ပြန်လည်အသုံးပြုနိုင်ရေးအတွက် ပြန်လည် တောင်းယူပေးပါရန်နှင့် တောင်းယူပေးမည့်အစီအစဉ်ရှိ/မရှိ။ ရှိပါကမည်သည့်အချိန်ကာလတွင် ပြန်လည်တောင်းယူပေးမည်ကို မေးမြန်းလိုခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မြင့်ထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် မေးခွန်း မေးမြန်းတဲ့ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ရဲ့ မေးခွန်း ကို ကျွန်တော် ဖြေကြားပါမယ်။ ဒီဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ခန်းမဟာ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာနက ၁၉၉၀ ခုနှစ်က တည်ဆောက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ရောက်တဲ့အခါမှာတော့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ ရန်ကုန်စည်ပင်သာယာရေးကော်မတီကို လွှဲပြောင်းပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီလိုကော်မတီက လွှဲပြောင်းရယူပြီးတဲ့နောက်ပိုင်းမှာ ပြင်ဆင်ထိန်းသိမ်းစရိတ် ကာမိဖို့ ရာ နောက်တစ်ဖက်တစ်လမ်းကလည်း မြို့နေပြည်သူလူထုငှားရမ်းခ သက်သက်သာသာနဲ့ အသုံးပြု နိုင်ဖို့ရန် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားခဲ့ပါတယ်။ ခန်းမငှားရမ်းခနှုန်းသက်သာ စေရန်အတွက် အလှူ မင်္ဂလာဆောင်၊ ပွဲလမ်းများ ၎င်းတို့အစီအစဉ်ဖြင့် နေရာထိုင်ခင်းအခမ်းအနား ပြင်ဆင်ရပါတယ်။ ငှားရမ်းခအနေနဲ့ကတော့ စည်ပင်သာယာရေးကော်မတီအနေနဲ့ တစ်ဂျူတီ ၂ နာရီကို ၁၅၀၀၀ ကျပ်သာ ရရှိခဲ့ပါတယ်။ ဒါပေမဲ့လည်း အခမ်းအနားပြင်ဆင်မှုကုန်ကျစရိတ်များအရ လည်းကောင်း၊ လူနေကျဲပါးပြီးတော့ ရပ်ကွက်နှင့်အလှမ်းဝေးတဲ့နေရာဖြစ်ခြင်းကြောင့်လည်းကောင်း၊ သွားရေးလာရေး အဆင်မပြေမှုများဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း ငှားရမ်းအသုံးပြုသူ နည်းပါး တဲ့အတွက် သက်ဆိုင်ရာဌာနများရဲ့ ဟောပြောပွဲ၊ ပို့ချပွဲများကို အခမဲ့အသုံးပြုခွင့်တောင်းခံတယ်ဆိုလို့ ရှိရင် ခွင့်ပြုချက်ပေးပြီးတော့ အခမဲ့ငှားရမ်းမှုတွေသာ ရှိနေခဲ့ပါတယ်။ အဲဒီလိုနဲ့ပဲ ရံဖန်ရံခါမှာတော့ ဇာတ်အဖွဲ့တွေ၊ ဆပ်ကပ်အဖွဲ့တွေဟာ မိုးရာသီပွဲနားချိန်မှာ လစဉ်ငှားရမ်းခ ပေးသွင်းတဲ့ စနစ်နဲ့ပစ္စည်း ထားမယ်။ ဇာတ်တိုက်ခြင်း၊ လေ့ကျင့်ခြင်းများ ပြုလုပ်ဖို့ရန်ဆိုပြီးတော့ တစ်လငါးသိန်းနှုန်းနဲ့ သုံး၊ လေးလခန့်လောက်သာ လာရောက်ငှားရမ်းလေ့ရှိကြပါတယ်။ နှစ်စဉ်အခကြေးငွေရယူ၍ ငှားရမ်း ခွင့်ပြုရသည့် ပွဲများမရှိသလောက် နည်းပါးလာပါတယ်။ အဲဒီလိုနည်းပါးလာတဲ့အတွက် ၂၀၁၅ ခုနှစ်၊

ဩဂုတ်လ နောက်ပိုင်းကာလမှာဆိုလို့ရှိရင်တော့ လုံဝငှားရမ်းရမှုမရှိတော့တဲ့အခြေအနေ ဖြစ်လာပါတယ်။ အဲဒီတော့ ဒီခန်းမရဲ့ ပြုပြင်ထိန်းသိမ်းမှုမရှိနိုင်တဲ့အခြေအနေဖြစ်တဲ့အတွက် ယိုယွင်းပျက်စီးလာပြီးတော့ အမိုးမျက်နှာကျက်တွေ၊ အခင်း၊ အကာတွေ ဆွေးမြည့်ပေါက်ပြဲလာပါတယ်။ အဲဒီအခြေအနေ တွေဖြစ်နေတဲ့အချိန်မှာပဲ Forever Group Co. Ltd ကရင်းတို့အနေနဲ့ ပြည်သူ့အကျိုးပြုရုပ်သံလိုင်းများနှင့်ဆက်စပ်ရိုက်ကူးရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ရှိဖို့ရန်အတွက် ခန်းမနေရာနှင့်ခန်းမတည်ရှိရာဝန်းအား ငှားရမ်းခွင့်၊ လုပ်ကိုင်ဆောင်ရွက်ခွင့် အဆိုပြုတင်ပြခဲ့တဲ့အတွက် ခွင့်ပြုခဲ့ပါတယ်။ အဲဒီလိုခွင့်ပြုတဲ့အခါမှာ သူတို့ Company ရဲ့ အစီအစဉ်နဲ့ပဲ ခန်းမကြီးကို မူလပုံသဏ္ဍာန်မပျက် ပြုပြင်ပြီးအဆင့်မီ ရိုက်ကူးရေးလုပ်ငန်းများအတွက် စတူဒီယိုတည်ဆောက်ရန်ဆိုတာလည်း သဘောတူခဲ့ပါတယ်။

နောက်တစ်ခါ အဲဒီသဘောတူညီချက်မှာပဲ ဒေသဆိုင်ရာမှာ၊ ဌာနဆိုင်ရာမှာ ပြည်သူလူထုအခမ်း အနားရှိလို့ရှိရင် တစ်လမှာနှစ်ကြိမ်၊ အခမဲ့ဆောင်ရွက်ခွင့်ကြိုတင်အသိပေးပါ။ ခွင့်ပြုပါမယ်။ အဲဒီအတွက် ထိုက်သင့်တဲ့အခမ်းအနားပြင်ဆင်ပေးဖို့ရန်ကိုလည်း စာချုပ်စည်းကမ်းထဲမှာ ထည့်သွင်းချုပ်ဆိုထားခဲ့ပြီး ဖြစ်ပါတယ်။ ငှားရမ်းခဟာ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလကစပြီး တစ်ဆက်တည်း ငါးနှစ်ကို နှစ်စဉ်သက်တမ်းတိုးစာချုပ်ပါ အချိန်မရွေးဖြတ်လို့ရတယ်ဆိုတဲ့သဘောပါ။ နှစ်စဉ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီးတော့ ကနဦးနှစ်အတွက် တစ်လငှားရမ်းခ ကျပ်သိန်း ၅၀ နဲ့ ငှားရမ်းတာဖြစ်ပါတယ်။ နောက်နှစ်များအတွက် ငှားရမ်းခဟာ ချုပ်တိုင်းချုပ်တိုင်း ငါးရာခိုင်နှုန်းတိုးမြှင့်ပေးဆောင်သွားဖို့ရန် သဘောတူညီချက်ဖြင့် ရန်ကုန်စည်ပင်သာယာရေးကော်မတီအစည်းအဝေးက အတည်ပြုချက်နဲ့ ငှားရမ်းထားခြင်းဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေရှင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ စောစောကဖြေသွားပါတယ်ခင်ဗျား။ တစ်လကိုနှစ်ကြိမ်ပေါ့။ အသုံးပြုခွင့်တောင်းခံပါမယ်ဆိုရင်လည်းပေးပါမယ်ဆိုတာက ကျွန်တော်တို့ ကိုယ်စားလှယ်စပြီး ဒီနေ့အထိ ဌာနဆိုင်ရာအားလုံးကလည်း အဲဒါကိုမသိပါဘူး။ ကိုယ်စားလှယ်တွေကလည်း တစ်ခါမှ အဲဒီမှာဆောင်ရွက်ဖို့ တရားဝင်အကြောင်းကြားခြင်းလည်း မရှိပါဘူး။ သို့ဖြစ်ပါ၍ မြို့နယ်ခန်းမဆိုတဲ့အတိုင်း ဒီမြို့နယ်နေပြည်သူများ အသုံးပြုနိုင်ရေးအတွက် ရန်ကုန်စည်ပင်သာယာရေးကော်မတီကနေပြီးတော့

ပြန်လည်ရယူပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတာလေးပဲ တစ်ဆက်တစ်စပ်မေးခွန်း မေးမြန်းလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးအောင်မြင့်ထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ရန်ကုန်စည်ပင်သာယာရေး ကော်မတီအနေနဲ့ကတော့ ခုနတုန်းက ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကိုယ်စားလှယ်တော်ကြီးကို ကျွန်တော် လေးစားစွာတင်ပြသလိုပါပဲ။ နှစ်စဉ်သက်တမ်းနှင့် ငါးနှစ်စာချုပ်ချုပ်ဆိုထားတယ်လို့ ဆိုပါတယ်။ အဲဒီတော့ နှစ်စဉ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုတယ်ဆိုတဲ့အတွက် သူတို့မကျေနပ်တဲ့အချိန် ဒါမှမဟုတ် ပြည်သူလူထုက ဒီကိစ္စကို မကျေနပ်ပါဘူးပြောကြားမည့်အချိန်၊ နောက်တစ်ခါ အဲဒီလိုပြောကြားလာတဲ့ အချိန်မှာလည်းပဲ သူတို့မှာဒီခန်းမကို ပြန်လည်ပြီးတော့ ပြုပြင်မွမ်းမံပြင်ဆင်စရိတ်တွေ ရှိနေတဲ့အချိန် တွေမှာဆိုရင်တော့ သူတို့ထည့်သွင်းစဉ်းစားနိုင်လိမ့်မယ်လို့ ကျွန်တော်တော့ ယူဆပါကြောင်း လေးစား စွာတင်ပြဖြေဆိုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကျွန်တော်တို့ ကိုယ်စားလှယ်တွေ ကိုယ်စားလှယ်ရဲ့ လုပ်ပိုင်ခွင့်မှာ မိမိမဲဆန္ဒနယ် အတွက်၊ နောက်တစ်ခါ ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းနှင့်ဖြစ်စေ၊ သက်ဆိုင်ရာအာဏာပိုင်ပုဂ္ဂိုလ်နှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်တယ်ဆိုတာကို လက်တွေ့ ကျင့်သုံးတတ်ဖို့တော့ အရေးကြီးတယ်။ အဲဒီဟာလေးကို လက်တွေ့ကျင့်သုံးနိုင်လို့ရှိရင်၊ လက်တွေ့ ကျင့်သုံးတတ်လို့ရှိရင်၊ ဒီအလေ့အကျင့်လေးတွေရလို့ရှိရင် အခုလိုပေါ့ မည်သည့်အတွက်ကြောင့်၊ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုကို ငှားရသနည်း။ မည်သည့်ဈေးနှုန်းရသနည်းဆိုတာ ကိုယ့်မဲဆန္ဒနယ်မြေ ထဲမှာရှိတဲ့ ခန်းမပဲ။ ကိုယ့်မဲဆန္ဒနယ်မြေပဲ။ ဒါကိုယ်လုပ်တတ်ကိုင်တတ်ရမယ်။ အဲဒါလေးတွေ ကျွန်တော်တို့ ဖြစ်စေချင်တယ်။ အဲဒီလိုဖြစ်မှလည်း ကျွန်တော်တို့ ကိုယ်စားလှယ်တွေက ခုနက လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေကပေးထားတဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်တွေကို ကျေပွန်ရာကျလိမ့် မယ်။ အဲဒီလိုမလုပ်တတ်လို့ မဲဆန္ဒနယ်မှ အဲဒီလိုဖြစ်နေတာကို ဒီမှာပဲမေးနေရင်တော့ မေးခွင့်တော့ ရှိတယ်။ ကျွန်တော်တို့လည်း ထည့်ပေးတယ်။ သို့သော် ကြားရတဲ့ ကျွန်တော်အပါအဝင် မိဘပြည်သူ တွေအတွက် ကြားရ၊ ကြားရနားဝမသက်သာဖြစ်လိမ့်မယ်။ အဲဒါလေး ကျွန်တော်တို့ လေ့ကျင့်စေချင် တယ်။ ဖြစ်အောင်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေချင်တယ်။ ဒါဟာကိုယ့်အပေါ်မူတည်တယ်။ ကိုယ့်လုပ်ရည်ကိုင်ရည်၊ လုပ်နိုင်ကိုင်နိုင်ဖို့ အရေးကြီးတယ်။ အဲဒါလေး ကျွန်တော်တို့ သတိပြုပေးပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများ ဖြေကြားပေးတဲ့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၆-၆-၂၀၁၇ ရက်နေ့(သောကြာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း အမည်စာရင်းတင်သွင်းသူ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ယခုကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုခြင်းများရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာသန်းဝင်း(အတွင်းရေးမှူး၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**
။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ဖတ်ကြားတင်ပြခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို ဤလွှတ်တော်ကြီးက သဘောတူလက်ခံအတည်ပြုပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ၂၀-၆-၂၀၁၇ ရက်နေ့(အင်္ဂါနေ့)ညနေ ၄ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း အမည်စာရင်းတင်သွင်းသူကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ယခု ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွန်းနိုင်(အတွင်းရေးမှူး၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အတွင်းရေးမှူးဖြစ်တဲ့ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးမှာ တင်ပြအစီရင်ခံခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းအစီရင်ခံစာအား ပြည်သူ့လွှတ်တော်ကြီးမှ သဘောတူလက်ခံအတည်ပြုပေးနိုင်ပါရန် ကျွန်တော်အနေနဲ့ အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ (၁၅-၆-၂၀၁၇ ရက်နေ့)တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်ကို တိကျစွာရေးသားဖော်ပြ၍ ၁၉-၆-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်း ပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့်

သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁၂း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]


# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ (၂၇.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးမောင်မောင်ဦး
(အင်းစိန် မဲဆန္ဒနယ်)



ဦးမင်းသိန်း
(တောင်တွင်းကြီး မဲဆန္ဒနယ်)



ဦးဉာဏ်ဟိန်း
(သံဖြူဇရပ် မဲဆန္ဒနယ်)



ဦးစိုင်းဆိုင်မိုင်း
(မိုင်းကိုင် မဲဆန္ဒနယ်)



ဦးဘရှိန်
(ကျောက်ဖြူ မဲဆန္ဒနယ်)



ဦးလင်းလင်းဦး
(တနိုင်း မဲဆန္ဒနယ်)



ဦးသန့်ဇင်ထွန်း
(ဒက္ခိဏသီရိ မဲဆန္ဒနယ်)



ဦးအောင်လှိုင်ဝင်း
(မင်္ဂလာဒုံ မဲဆန္ဒနယ်)



ဒေါက်တာသန်းအောင်စိုး
(မင်းလှ မဲဆန္ဒနယ်)



**ဦးအေးနိုင်**
**[ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်]**




**ဦးသိန်းဆွေ (ဝန်ကြီး)**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အား ဝန်ကြီးဌာန**



**သူရဦးအောင်ကို (ဝန်ကြီး)**
**သာသနာရေးနှင့်ယဉ်ကျေးမှု**
**ဝန်ကြီးဌာန**



**ဗိုလ်ချုပ်မြင့်နွယ် (ဒုဝန်ကြီး)**
**ကာကွယ်ရေးဝန်ကြီးဌာန**



**ဦးအောင်မြင့်ထွန်း (ကောင်စီဝင်)**
**နေပြည်တော်ကောင်စီ**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်